





# ကမ္ဘာတစ်လွှားခြေဆန့်သွား


## ကမ္ဘာတစ်ဝှမ်းရှိယဉ်ကျေးမှုဓလေ့ထုံးစံများ

## Cultures Around the World











# ကမ္ဘာတစ်လွှားခြေဆန့်သွား

## ကမ္ဘာတစ်ဝှမ်းရှိယဉ်ကျေးမှုဓလေ့ထုံးစံများ

## Cultures Around the World

Cultures Around the World (Burmese version)

ကမ္ဘာတစ်ဝှမ်းရှိယဉ်ကျေးမှုဓလေ့ထုံးစံများ

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

August 2006

drum@drumpublications.org
www.drumpublications.org

ISBN - 974-94787-1-1

မာတိကာ                                        စာမျက်နှာ


- အာရှ ၂ – ၂၉







- ဥရောပ ၃၀ –၄၅








- တောင်နှင့်မြောက်အမေရိကန်ပြည်ထောင်စု ၄၆ – ၅၃







- အာဖရိက ၅၄ – ၅၉


- အိုရှင်းနီးယား ၆၀ – ၆၂








# နိဒါန်း

ဤကမ္ဘာတစ်ဝှမ်းရှိယဉ်ကျေးမှုဓလေ့ထုံးစံများစာအုပ်မှာကမ္ဘာပေါ်ရှိတိုင်းပြည်အသီးသီး၏ယဉ်ကျေးမှု၊ အလေ့အထ၊ အစားအသောက်နှင့်ထင်ရှားသောအကြောင်းအရာ/နေရာများကိုဖော်ပြထားပါသည်။ နိုင်ငံများကိုတိုက်ကြီးများအလိုက်ခွဲခြားဖော်ပြထားပါသည်။ ဤစာအုပ်ကိုအလယ်တန်းနှင့်အထက်တန်းကျောင်းသားများအတွက်သင်ရိုးအထောက်အကူပြုအဖြစ်အသုံးပြုနိုင်ရန်ရည်ရွယ်ပြီးထုတ်ဝေခြင်းဖြစ်ပါသည်။

ဆရာ၊ ဆရာမများဤစာအုပ်ကိုသမိုင်းဘာသာနှင့်ပထဝီဘာသာသင်ကြားသည့်အခါသင်ရိုးအထောက်အကူပြုအဖြစ်အသုံးပြုနိုင်ပါသည်။ ကမ္ဘာပေါ်ရှိတိုင်းပြည်အသီးသီးမှလူမျိုးတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများကိုသမိုင်းဘာသာသင်ကြားရာ၌အသုံးပြုနိုင်ပြီး၊ တိုက်ကြီးများ၏တည်နေရာ၊ တိုက်ကြီးများပေါ်ရှိနိုင်ငံများ၊ ထင်ရှားသည့်အဆောက်အအုံများ/ အကြောင်းအရာများကိုပထဝီဘာသာသင်ကြားသည့်အခါ၌အသုံးပြုနိုင်ပါသည်။ ထို့ပြင်အထွေထွေဗဟုသုတစာအုပ်အနေဖြင့်လည်းဖတ်ရှုလေ့လာသင်ကြားနိုင်ပါသည်။ ရုပ်ပုံများနှင့်တကွဖော်ပြထားသဖြင့်ဖတ်ရှုသူအားစိတ်ဝင်စားစေမည်ဖြစ်ပြီးရုပ်ပုံများကိုအင်္ဂလိပ်နှင့်မြန်မာစကားလုံးအညွှန်းများဖြင့်ဖော်ပြထားသဖြင့်အခေါ်အဝေါ်များကိုမှတ်မိစေမည်ဖြစ်ပါသည်။ အပြင်လူများအနေဖြင့်လည်းအထွေထွေဗဟုသုတစာအုပ်အဖြစ်ဖတ်ရှုလေ့လာနိုင်ပါသည်။

ဤစာအုပ်ကိုဖတ်ရှုသည့်အခါနိုင်ငံအသီးသီး၏ထင်ရှားသောအထိမ်းအမှတ်များ၊ အဆောက်အအုံများ၊ အစားအသောက်များနှင့်ဝတ်စုံအခေါ်အဝေါ်များကိုသေချာစွာမှတ်သားပါ။ ဤစာအုပ်အဆုံးတွင်၎င်းတို့နှင့်ပတ်သက်သောမေးခွန်းများပါရှိပါသည်။

# ကမ္ဘာတစ်လှားခြေဆန့်သွား

သာယာလှပတဲ့နွေရာသီကျောင်းပိတ်ရက်တစ်ရက်မှာသောသောနဲ့တောတောမောင်နှမနှစ်ယောက်ဟာအိပ်ယာကစောစောထပြီးသောသောကတံမျက်စည်းလှည်း၊ ကြမ်းတိုက်၊ တောတောကရေခပ်၊ ပြီးတာနဲ့မိုးမိုး(မေမေ)ဟင်းချက်ရာမှာကူလုပ်ကြပြီးရေမိုးချိုး၊ ထမင်းစားကြတယ်။ ထမင်းစားပြီးနေ့လည်တစ်ရေးတစ်မောနားချိန်မှာစာကြည့်ခန်းကိုသွားပြီးစာအုပ်စင်ကိုသွားဖွကြတယ်။ သောသောကကမ္ဘာပေါ်ရှိနိုင်ငံများအကြောင်းရေးသားထားတဲ့စာအုပ်တစ်အုပ်ကိုသွားတွေ့တယ်။ ဒါနဲ့သူ့အစ်ကိုကို ပြပြီးခြံထဲကပိတောက်ပင်အောက်မှာအတူတူသွားထိုင်ဖတ်ဖို့ခေါ်လိုက်တယ်။

ခြံထဲမှာပန်းပင်ကလေးများဖူးပွင့်နေပြီးသစ်ပင်ဝါးပင်များပေါက်ရောက်နေတဲ့အတွက်အရမ်းသာယာလှပနေတယ်။ အရိပ်လည်း ကောင်းလှတဲ့အတွက်အေးမြနေတယ်။ လေအဝှေ့မှာပိတောက်ပန်းကလေးတွေရဲ့မွှေးရနံ့ဟာသင်းပျံ့နေပြီးသူတို့ရဲ့ရင်ကိုသာယာကြည်နူးစေတယ်။ သောသောနဲ့တောတောဟာလှပတဲ့ရုပ်ပုံတွေနဲ့ဖော်ပြထားတဲ့ကမ္ဘာပေါ်ရှိတိုင်းပြည်များဆိုတဲ့စာအုပ်ကိုဖတ်ရင်းနဲ့နိုင်ငံတစ်ကာကိုရောက်ဖူးချင်တဲ့စိတ်တွေတစ်ဖွားဖွားဖြစ်ပေါ်လာတယ်။

☆☆☆☆☆☆☆☆☆☆☆☆☆☆

“ တောတောရေ … ကမ္ဘာပေါ်မှာရှိတဲ့တိုင်းပြည်တွေကိုရောက်ဖူးချင်လိုက်တာနော် …”

“ အေး … သောသောရေ … ဒို့တွေကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေကိုသွားလည်ရအောင် …
လာ … ဒီစက္ကူသေတ္တာကြီးထဲဝင်လိုက်…”

သောသောနဲ့တောတောဟာစက္ကူသေတ္တာကြီးထဲကိုဝင်လိုက်တာနဲ့သေတ္တာကြီးကပျံတက်သွားတယ် …


အခုသူတို့လေထဲကိုရောက်ရှိနေပြီးနိုင်ငံတွေကိုလျှောက်လည်တော့မယ် … သင်ကောသူတို့နဲ့မလိုက်ချင်ဘူးလား။

☆☆☆☆☆☆☆☆☆☆☆☆☆☆

# အာရှတိုက်

အာရှတိုက်ဟာအကြီးဆုံးသောတိုက်ကြီးဖြစ်တယ်။ ကမ္ဘာ့လူဦးရေတစ်ဝက်ကျော်နေထိုင်တယ်။ အာရှတိုက်ထဲမှာကမ္ဘာ့ အရှည်ဆုံးမီးရထားလမ်း၊ ကမ္ဘာ့အကြီးဆုံးတိုင်းပြည်၊ လူဦးရေအထူထပ်ဆုံးတိုင်းပြည်နဲ့ကမ္ဘာ့အရှည်ဆုံးတံတိုင်းကြီးကို ရှာတွေ့နိုင်တယ်။ သောသောနဲ့တောတောတို့ အာရှတိုက် ကိုရောက်လာပြီ။




ရုရှ
မြောက်
ကိုရီးယား
ဂျပန်
တရုတ်
တောင်
ကိုရီးယား
အိန္ဒိယ
ဖိလစ်ပိုင်
ဗီယက်နမ်
ကမ္ဘောဒီးယား
ဘင်္ဂလားဒေ့(ရှ်)
ထိုင်း
ဘရူနိုင်း
မလေးရှား
သီရိလင်္ကာ
စင်္ကာပူ
အင်ဒိုနီးရှား


# ရုရှ

ရုရှပြည်ဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးနိုင်ငံဖြစ်တယ်။




❖ရုရှပြည်ကိုဟိုးအရင်တုန်းကဇာဘုရင်တွေကအုပ်ချုပ်ခဲ့တယ်။ သူတို့ဟာကရင်မလင်နန်းတော်ထဲမှာနေထိုင်ကြတယ်။





❖အချို့သူတွေကကာဗီယာလို့ခေါ်တဲ့ငါးဥအစိမ်းတွေကိုကြိုက်ကြတယ်။




❖ဆိုက်ဗေးရီးယားကရုရှနိုင်ငံရဲ့တစ်စိတ်တစ်ဒေသဖြစ်တယ်။ ရုရှနိုင်ငံမှာရှိတဲ့ဆိုက်ဗေးရီးယားဟာအရမ်းကိုအေးတယ်။ အစားအစာကိုမြေကြီးထဲမှာသို လှောင်ထားနိုင်တယ်။ အရမ်းအေးလို့အစားအစာတွေဟာဘယ်တော့မှသိုးမသွားဘူး။



❖ယူရီဂါဂါရင်ဟာသူ့ရဲ့ဗော့စတော့ယာဉ်နဲ့ကမ္ဘာကိုပထမဦးဆုံးပတ်ခဲ့တဲ့သူဖြစ်တယ်။

Yuri Gagarin

ယူရီဂါဂါရင်




Matryoshka dolls

မာတီယော့ရှကာ


❖ ရထားပေါ်မှာဆော့ဖို့မာတီယော့ရှကာအရုပ်ကလေးတွေယူသွားနိုင်တယ်။ ဒီအရုပ်ကလေးတွေရဲ့အထဲမှာသူ့ထက်ငယ်တဲ့အရုပ်ကလေးတွေအသီးသီးရှိတယ်။

❖ရုရှပြည်မှာရှိတဲ့ထရန်ဆိုက်ဗေးရီးယန်းရထားလမ်းဟာကမ္ဘာပေါ်မှာအရှည်ဆုံးဘဲ၊ ဒီရထားလမ်းနဲ့ရုရှပြည်ကိုဖြတ်ဖို့ (၆) ရက်ကြာတယ်။



Trans-Siberian railway

ထရန်ဆိုက်ဗေးရီးယန်းရထားလမ်း




Lake Baikal

ပိုက်ကားလ်ရေအိုင်

❖ရထားပြတင်းပေါက်ကနေအပြင်ကိုကြည့်လိုက်ရင်ပိုက်ကားလ်ရေအိုင်ကိုတွေ့ရမယ်။ ဒီအိုင်ဟာ ၁ ကီလိုမီတာကျော်နက်ပြီးကမ္ဘာပေါ်မှာအနက်ဆုံးသောအိုင်ဖြစ်တယ်။

# တရုတ်

တရုတ်ပြည်ဟာကမ္ဘာပေါ်မှာလူဦးရေအများဆုံးနေထိုင်တဲ့တိုင်းပြည်ဖြစ်တယ်။ လူပေါင်းသန်းတစ်ထောင်ကျော်နေထိုင်ကြတယ်။




❖ပန်ဒါဝက်ဝံများဟာကြီးမားပေမဲ့အရမ်းနူးညံ့တယ်။ သူတို့ဟာဝါးတောထဲမှာနေထိုင်ပြီးဝါးမြစ်နဲ့ဝါးရွက်ကိုစားကြတယ်။




❖တရုတ်လူမျိုးဟာကျောက်စိမ်းကိုကံဆိုးမှုတွေကိုပပျောက်စေနိုင်တယ်လို့ယုံကြည်ကြတယ်။ အချို့သောကေရာဇ်ဘုရင်များရဲ့ရုပ်အလောင်းကိုကျောက်စိမ်းဝတ်စုံနဲ့တောင်မြှုပ်နှံကြတယ်။

❖ကွန်ဖြူးရှပ်ဟာဟိုးလွန်ခဲ့တဲ့နှစ် ပေါင်း ၂၅၀၀ ကျော်ကတိုင်းပြည်ကိုဘယ်လိုအုပ်ချုပ်ရမလဲဆိုတာကိုရေးသားခဲ့တယ်။ လူတွေဟာသူ့စာအုပ်တွေကိုအခုထိလေ့လာတုန်းဘဲ။







❖ရှောင်လင်ဘုန်းကြီးများဟာကွန်ဖူးပညာမှာအရမ်းထူးချွန်ကြတယ်။ သူတို့ထဲကအတော်များများဟာဟိုးအသက် ၆ နှစ်ကထဲကကွန်ဖူးစတင်လေ့ကျင့်ကြတယ်။






❖တရုတ်လူမျိုးများဟာလဘက်ရည်သောက်ပြီးခေါက်ဆွဲကိုတူနဲ့စားကြတယ်။ လူတိုင်းတူနဲ့မစားတတ်ဘူး ... မင်းကောစားတတ်ရဲ့လား။




❖ဟိုးရှေးရှေးတုန်းကကေရာဇ်ဟာသီးခြားမြို့တော်မှာနေထိုင်ခဲ့တယ်။ သူဟာအပြင်ကိုမထွက်ရဘူး ။ သာမန်လူတွေကလဲအဲဒီမြို့တော်ထဲကိုမဝင်ရဘူး။ သူ့မြို့ရိုးက ၁၀ မီတာမြင့်တယ်။

Forbidden City

သီးခြားမြို့တော်

❖“သျှင်”ကေရာဇ်ကတော့ရန်သူတွေမလာနိုင်အောင် မဟာတံတိုင်းကြီးကိုဆောက်လုပ်ခဲ့တယ်။ သူသေဆုံးပြီးနောက်သူ့သချိုင်းဂူကိုစောင့်ကြပ်ဖို့ စစ်သည်တော် ၇၀၀၀ ရှိခဲ့တယ်။





Great Wall

မဟာတံတိုင်းကြီး

terracotta soldiers

ထာရာကိုတာစစ်သည်တော်


lion dance

ခြင်္သေ့အက

dragon dance

နဂါးအက

❖ကြည့်စမ်း၊ တရုတ်နှစ်သစ်ကူးခြင်္သေ့အကနဲ့နဂါးအကကို။ ခြင်္သေ့တွေကဟိုအန်ပေါင်းလို့ခေါ်တဲ့အထုပ်နီနီကိုရအောင်လုနေကြတယ်။






❖တရုတ်နှစ်သစ်ကူးမှာကလေးများဟာအန်ပေါင်းလို့ခေါ်တဲ့အထုပ်နီနီကလေးများကိုရရှိကြတယ်။ အထဲမှာကလေးတွေကံကောင်းစေတဲ့ငွေထည့်ပေးထားတယ်။

red packets


အန်ပေါင်း

# မြောက်ကိုးရီးယား နှင့် တောင်ကိုးရီးယား

ဒုတိယကမ္ဘာစစ်မတိုင်ခင်ကကိုးရီးယားတစ်နိုင်ငံဘဲရှိခဲ့တယ်။ ဒါပေမဲ့အခုတော့တောင်ကိုရီးယားနဲ့မြောက်ကိုရီးယားဆိုပြီးသီးခြားနှစ်နိုင်ငံဖြစ်သွားပြီ။



❖စီဂျွန်ဘုရင်ကိုရီးယားနိုင်ငံကိုအုပ်ချုပ်တုန်းကကိုရီးယားစာမရှိခဲ့ဘူး။ ဘုရင်ဟာသူ့လူမျိုးတွေကိုရေးတတ်ဖတ်တတ်စေချင်တဲ့အတွက် (ဟန်ဂီယိုလ်) လို့ခေါ်တဲ့ကိုရီးယားအက္ခရာကိုတီထွင်ခဲ့တယ်။




hangeul ဟန်ဂီယိုလ်

King Sejong

စီဂျွန်ဘုရင်



❖ချူစုတ်ပွဲတော်မှာကိုရီးယားတွေဟာသီးနှံရိတ်သိမ်းခြင်းအတွက်ကျေးဇူးတော်ချီးမွမ်းတဲ့ပွဲကျင်းပကြတယ်။ သူတို့ဟာဟန်ဘုတ်လို့ခေါ်တဲ့လှပတဲ့ဝတ်စုံတွေကိုဝတ်ဆင်ကြတယ်။


hanbok

ဟန်ဘုတ်



kimchi ကင်း(မ်)ချီ

❖ကင်း(မ်)ချီလို့ခေါ်တဲ့ချဉ်စပ်စပ်ဟင်းသီးဟင်းရွက်ချဉ်ဖတ်ကိုကိုရီးယားတွေကအစာစားတိုင်းတွဲစားလေ့ရှိကြတယ်။



❖ကိုရီးယားဧကရာဇ်တွေဟာ "ဂျီအွန်ဘော့ဂန်" ဆိုတဲ့လှပတဲ့နန်းတော်မှာနှစ်ပေါင်း ၅၀၀ တိုင်အောင်နေထိုင်ခဲ့ကြတယ်။

Gyeongbokgung palace ဂျီအွန်ဘော့ဂန်နန်းတော်

# ဂျပန်နိုင်ငံ


ဂျပန်လူမျိုးတွေကသူတို့တိုင်းပြည်ကို”နေထွက်တဲ့ပြည်”လို့ခေါ်ကြတယ်။ သူတို့ရဲ့ကေရာဇ်ကိုနေနတ်မင်းရဲ့သားလို့တစ်ခါတုန်းကထင်ထားကြတယ်။

❖ဂျပန်လူမျိုးတွေဟာအီကေဘားနားပန်းအိုးထိုးနည်းနဲ့ သူတို့ရဲ့ခံစားချက်တွေကိုသရုပ်ဖော်ကြတယ်။ အီကေဘားနားပန်းထိုးနည်းဟာကဗျာတပုဒ်လိုဘဲ။ တစ်ခုရှိတာက တစ်ခုခုကိုပြောဘို့စကားလုံးတွေအစားပန်းတွေနဲ့ဖော်ပြတယ်။



ikebana

အီကေဘားနား



❖ဂျပန်လူမျိုးတွေဟာအိုရီဂါမီလို့ခေါ်တဲ့စက္ကူနဲ့အရုပ်မျိုးစုံကိုခေါက်တဲ့ပညာမှာအထူးကျွမ်းကျင်ကြတယ်။




origami

အိုရီဂါမီ

Boy's Day

ယောက်ျားလေးများနေ့




ဆာမူရိုင်း

samurai





❖ဟိုးအရင်တုန်းကဆာမူရိုင်းသူရဲကောင်းတွေဟာ သူတို့ရဲ့အရှင်သခင်စစ်ဘုရင်တွေအတွက်ရဲရဲဝံ့ဝံ့ တိုက်ခိုက်ကြတယ်။ ယောက်ျားလေးများနေ့မှာမိသားစုတွေဟာဆာမူရိုင်းရုပ်တွေကိုအိမ်ထဲမှာခင်းကျင်းပြသထားတယ်။ ဒါမှယောက်ျားလေးတွေဟာဆာမူရိုင်းလိုဘဲရဲရဲဝံ့ဝံ့သန်မာစွာနဲ့ကြီးပြင်းလာမှာဖြစ်တယ်။



samurai doll

ဆာမူရိုင်းအရုပ်




❖ နောက်ဆုံးကျည်ဆန်ရထားကိုလွှတ်သွားရင်တော့ကက်ပ်စူးလ်ဟိုတယ်မှာညအိပ်ရလိမ့်မယ်။ ဒီဟိုတယ်ရဲ့အခန်းလေးတွေဟာဘယ်လောက်သေးသလဲဆိုရင်မတ်တပ်ရပ်လို့တောင်မရဘူး။


❖ စူရှီလို့ခေါ်တဲ့ဂျပန်အစားအသောက်ကိုစားဘူးသလား။ စူရှီဆိုတာထမင်းငါးအစိမ်းအထဲမှာပင်လယ်ရေမှော် (ပင်လယ်ကျောက်ပွင့်) ပါတဲ့ဂျပန်အစားအစာဖြစ်တယ်။ စူရှီကိုဝါစာဘီနဲ့တွဲစားရတယ်။ ဝါစာဘီများများထည့်မစားနဲ့နော် … အရမ်းစပ်တယ်။














❖ နွေဦးရာသီမှာဂျပန်လူမျိုးတွေဟာဟာနာမိပျော်ပွဲစားထွက်လေ့ရှိတယ်၊ ပန်းခြံထဲမှာဆာကူရာပန်းတွေရဲ့အလှကို ခံစားကြတယ်။ အနောက်ဖက်မှာတော့ ဖူဂျီယာမာတောင်ကြီးကိုတွေ့မြင်ရတယ်။

❖ စူမိုနပန်းသမားတွေဟာအလွန်ကြီးမားကြတယ်။ သူတို့တွေစူးရှီဘယ်လောက်စားနိုင်မလဲမသိဘူးနော်။ သူတို့ဟာကိုယ်အလေးချိန်လေးဘို့လိုတယ်၊ ဒါမှနပန်းကောင်းကောင်းလုံးနိုင်မှာ။



# ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်ကိုစူးစမ်းရှာတွေ့ခဲ့တဲ့စပိန်လူမျိုးတွေကဖိလစ်ပိုင်ဆိုတဲ့အမည်ကို စပိန်ဘုရင်ဒုတိယဖိလစ်ရဲ့အမည်အတိုင်း မှည့်ပေးခဲ့ကြတယ်။




Chocolate Hills

ချော့ကလက်တောင်

❖ဖိလစ်ပိုင်မှာချော့ကလက်တောင်တွေရှိတယ်။ မိုးမရွာတာကြာရင်ဒီချော့ကလက်တောင်တွေဟာအညိုရောင်ဖြစ်သွားပြီးချော့ကလက်တွေနဲ့တူတယ်။


❖ဟာလိုဟာလိုလို့ခေါ်တဲ့ဖျော်ရည်မှာ ပိန္နဲသီး၊ အုန်းသီး၊ မြေပဲ၊ မျောက်ဥ (ကဇွန်းဥ)၊ ကြက်ဥနို့ပေါင်း၊အုန်းနို့၊ ရေခဲခြစ်နဲ့အပေါ်ကရေခဲမုန့်ရယ်ပါတယ်၊ ပူအိုက်တဲ့နေ့အတွက်အရမ်းကောင်းတဲ့ဖျော်ရည်ပေါ့။



halo halo

ဟာလိုဟာလို

❖ဒီကလူအတော်များများဟာဂျစ်ကားနဲ့ခရီးသွားကြတယ်။ ဒီတစ်စီးကတော့ကြပ်ညပ်နေလိုက်တာ ... အတင်းတိုးဝင်ဘို့တောင်နေရာမရှိတော့ဘူး ...




jeepney

ဂျစ်ကား





❖ပွဲတော်တွေမှာအမျိုးသား (ယောက်ျား) တွေက ဘာရွန်ထာဂါလော့ကိုဝတ်ဆင်ကြတယ်။ ဒီအဝတ်ကိုငှက်ပျောချည်ဒါမှမဟုတ်နာနတ်ချည်နဲ့ယက်ထားတဲ့ပိတ်နဲ့ချုပ်ထားတာဖြစ်တယ်။ အမျိုးသမီးများကတော့လှပတဲ့မာရီယာခလာရာဝတ်စုံတွေကိုဝတ်ဆင်ကြတယ်။

❖ဘာဟေးကူဘိုဟာဖိလစ်ပိုင်တွေရဲ့ရိုးရာအိမ်ဖြစ်တယ်။ အုန်းရွက် (Nipah) ရွက်တွေနဲ့အိမ်မိုးပြီးအိမ်ကိုဝါးနဲ့ဆောက်လုပ်ထားတယ်။ ခရစ္စမတ်ပွဲတော်မှာသူတို့ရဲ့အိမ်ကိုကြယ်ပုံသဏ္ဍာန်မီးအိမ်တွေနဲ့အလှဆင်ထားကြတယ်။




# အင်ဒိုနီးရှား

ဒီကျွန်းစုကတော့အင်ဒိုနီးရှားဘဲ၊ အင်ဒိုနီးရှားမှာကျွန်းစုတွေတစ်သောင်းခုနစ်ထောင်ကျော်ရှိတယ်။ အကြီးဆုံးကျွန်းတွေကတော့စူမတြာ၊ ဂျာဗား၊ ကာလီမန်တန်၊ စူလာဝက်စီနဲ့အိုင်ရီယန်ဂျာယာတို့ဖြစ်တယ်။





❖ကိုမိုဒိုနဂါးဟာတကယ့်နဂါးမဟုတ်ဘူး။ သူတို့တွေဟာကမ္ဘာပေါ်က အကြီးဆုံးသောအိမ်မြှောင်ဖြစ်တယ်။တခါတလေမှာဆိတ်တွေကိုတောင် စားတယ်... ကြောက်စရာကြီး ...




❖ဂါဒိုဂါဒိုဟာဟင်းသီးဟင်းရွက်ကိုအမွှေးအကြိုင်နဲ့စပ်စပ်ပြုလုပ်ထားပြီးမြေပဲအချဉ်ရည်နဲ့စားရတဲ့အစာဖြစ်တယ်။အင်ဒိုနီးရှားတွေကြိုက်တဲ့အစားအသောက်ပေ့ါ။

❖ဘာလီအကမယ်တွေက၊ ကတဲ့အခါမျက်လုံးလေးတွေကိုတစ်ချိန်ထဲမှာဘဲရွေ့လျားကစားတဲ့အတွက်လှုပ်ရှားနေတဲ့အရုပ်ကလေးတွေလိုဘဲ။ ဂယ်မီလန်သံစုံတီးဝိုင်းကိုနားထောင်ကြည့်စမ်း၊ မောင်းတွေ၊ ဗုံတွေ၊ ပုလွေတွေ၊ ဗျပ်စောင်းတွေနဲ့သစ်သားပတ္တလားသံတွေကိုကြားလား။






❖ခရာကာတောကျွန်းပေါ်မှာမီးတောင်တစ်တောင်ရှိခဲ့တယ်။ ၁၈၈၃ ခုနှစ်တုန်းကအဲဒီမီးတောင်ဟာပြင်းထန်စွာပေါက်ကွဲခဲ့တာ ကျွန်းတစ်ကျွန်းလုံးပျောက်ကွယ်လုမတတ်ဘဲ၊ ပြာတွေဟာဘယ် လောက်များသလဲဆိုတာ ၂ ရက်လုံးလုံးနေကိုမမြင်ရဘူး။




❖အူရန်အူတန် (Orang Utan) ရဲ့အဓိပ္ပါယ်က "တောထဲကလူ" တဲ့။ ဒီအူရန်အူတန်မျောက်တွေကလူနဲ့မတူဘူးလား။ အင်ဒိုနီးရှားနိုင်ငံရဲ့မိုးသစ်တောထဲမှာကမ္ဘာပေါ်ကအကြီးဆုံးနဲ့အနံဆုံး ရက်ဖလက်ရှားပန်းကိုတွေ့ရမည်။ သူ့အနံ့ကအအ သားဟင်းသိုးတဲ့အနံ့နဲ့တူတယ်။




❖ဒီအမျိုးသမီးကပါတိတ်လုပ်နေတာလေ၊ ဒီပိတ်စပေါ်မှာ ဖယောင်းအချို့သုတ်ထားတယ်။ သူမကဒီအဝတ်ကိုအရောင် ရှိတဲ့ရေထဲထည့်လိုက်တဲ့အခါအရောင်တွေဟာဖယောင်းမရှိတဲ့ နေရာမှာကျန်ခဲ့တယ်။


# စင်္ကာပူ

စင်္ကာပူနိုင်ငံမှာလူမျိုးပေါင်းများစွာအတူတကွငြိမ်းချမ်းစွာနေထိုင်တာကိုတွေ့ရမယ်။






❖ဗန်ဒါမစ်(စ်)ဂျိုအာကွင်းကိုတွေ့ဖူးလား? အဲဒါလူမဟုတ်ဖူး၊ စင်္ကာပူနိုင်ငံရဲ့အမျိုးသားပန်းဖြစ်တယ်။ အဲဒီပန်းကိုချန်ဂီလေဆိပ်ရဲ့သစ်ခွပန်းခြံထဲမှာတွေ့ရမယ်။




❖ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၈၀၀ မတိုင်ခင်ကစန်နီလာဥတ္တမဟာစင်္ကာပူကိုခြေချတဲ့အခါခြင်္သေ့တစ်ကောင်ကိုတွေ့ခဲ့ပြီးဒီနေရာကိုစင်ကာပူရလို့ခေါ်ဝေါ်တယ်။ ခြင်္သေ့မြို့တော်လို့အဓိပ္ပါယ်ရတယ်။





❖ဆိုက်ကားမောင်းတဲ့လူတွေလဲအများကြီးဘဲ၊ ဆိုက်ကားစီးရတာတော့ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့နင်းရတာတော်တော်ပင်ပန်းတယ်။




❖ဟိုးလွန်ခဲ့တဲ့အချိန်တုန်းကစန်စူအီအမျိုးသမီးများဟာလေးလံတဲ့အုတ်ခဲတွေကိုထမ်းပြီးစင်္ကာပူအဆောက်အဦအတော်များများဆောက်လုပ်ရာမှာကူညီခဲ့ကြတယ်။

❖စင်္ကာပူမြစ်ထဲမှာဘမ်မော်တော်ကိုစီးရင်အက်စ်ပလဲနိတ် (**Esplanade**) ဇာတ်ရုံကိုတွေ့ရမယ်။ လူတွေကဒီမှာ ဇာတ်ပွဲတွေနဲ့ပြဇာတ်တွေကိုကြည့်ကြတယ်။ မာလိုင်းယန်းရုပ်ထုကိုတွေ့လား။ ခေါင်းကခြင်္သေ့ခေါင်းဖြစ်ပြီးအောက်ပိုင်းကငါးမြီးနဲ့ခြင်္သေ့တစ်ပိုင်းငါးတစ်ပိုင်းရုပ်ထုပေ့ါ။



# မလေးရှား

မလေးရှားနိုင်ငံကိုစုလတန်ဘုရင်ကအုပ်ချုပ်တယ်။ မလေးရှားနိုင်ငံမှာစုလတန်ဘုရင်အများဆုံးဘဲ။ သူ့မှာစုလတန် ၉ ပါးရှိတယ်။



❖မလေးရှားမှာအဆောက်အဦအမျိုးမျိုးကိုတွေ့ရမယ်။ မြို့တော်မှာပက်ထရိုနာ(စ်)မျှော်စင်လိုမြင့်မားတဲ့အမွှာမျှော်စင်ကိုတွေ့ရမယ်။

Petronas Towers

ပက်ထရိုနာ(စ်)မျှော်စင်



Melaka

မယ်လာကာ

❖မယ်လာကာမှာတော့ ဒတ်(ချ်)၊ ဗြိတိန်နဲ့ ပေါ်တူဂီတွေဆောက်ခဲ့တဲ့ဥရောပအဆောက်အဦဟောင်းတွေကိုတွေ့ရမယ်။




❖အချို့လူတွေကတော့ကမ်ပန်အိမ်လို့ခေါ်တဲ့သစ်သားအိမ်တွေမှာနေထိုင်ကြတယ်။

kampung house

ကမ်ပန်အိမ်



❖အမယ်–ဆာတေးကင်အနံ့ပါလား။ဆာတေးလို့ခေါ်တဲ့မီးသွေးဖိုနဲ့ကင်တဲ့အသားကင်ကိုမြေပဲအချဉ်နဲ့တို့စားရတယ်။



satay

ဆာတေး



❖တံငါသည်တွေကတော့ပင်လယ်ပေါ်မှာဆောက်ထားတဲ့ကီလွန်လို့ခေါ်တဲ့ရေပေါ်ကအိမ်တွေပေါ်မှာနေပြီးအနီးအနားကငါးတွေကိုဖမ်းဘို့ငါးဖမ်းတဲ့ပိုက်ကွန်တွေလဲရှိကြတယ်။

Hari Raya Aidilfitri


ဟာရီရာယာအီဒီလ်ဖီထရီပွဲ



❖ဟာရီရာယာအီဒီလ်ဖီထရီပွဲကိုမူဆလင်လူမျိုးတွေဝါထွက်တဲ့အခါမှာကျင်းပလေ့ရှိတယ်။ ကလေးတွေဟာလူကြီးတွေထံမှာအပြစ်ဝန်ချတောင်းပန်ကြတယ်။ လူတိုင်းအဝတ်အစားအသစ်တွေကိုဝတ်ဆင်ကြတယ်။

giant turtle

ပင်လယ်လိပ်




❖ရှူး—ပင်လယ်လိပ်မတွေဟာပင်လယ်ကမ်းခြေမှာဥလေ့ရှိကြတယ်။ တိတ်တိတ် နေကြ၊ တော်ကြာလိပ်မကြီးထွက်ပြေးသွားလိမ့်မယ်။


# ဘရူနိုင်း

ဘရူနိုင်းရဲ့တရားဝင်အမည်ဟာနီဂါရာဘရူနိုင်းဒါရုဆလမ်ဆိုတာသင်သိရဲ့လား။
မလေးလိုအဓိပ္ပါယ်က "ငြိမ်းချမ်းရေးအိမ်" ဖြစ်တယ်။

❖ကျော်ကြားထင်ရှားတဲ့အိုမာအလီစေဖူဒီယန်ဗလီဟာကမ္ဘာ့အရပ်ရပ်ကအကောင်းဆုံးအရာတွေနဲ့ဆောက်လုပ်ထားတာဖြစ်တယ်။ အပြင်ဘက်ကရွှေအမိုးလုံးလုံးလေးတွေဟာနေရောင်ထဲမှာတလက်လက်တောက်ပနေကြတယ်။ အထဲက မှန်နဲ့လုပ်ထားတဲ့မီးပဒေသာတွေကလဲအခန်းကျယ်ကြီးတွေထဲမှာလင်းထိန်နေတယ်။





❖ဟာရီရာယာအီဒီလ်ဖီထရီအချိန်မှာစူလ်တန်ဟာသူ့တိုင်းသူပြည်သားတွေကိုသူ့နန်းတော်ကိုဖိတ်ခေါ်တယ်။ တိုင်းသူပြည်သားတွေဟာစူလ်တန်ကိုတွေ့ဘို့သူတို့ရဲ့အကောင်းဆုံးအဝတ်တွေကိုဝတ်ဆင်သွားကြတယ်။ သူတို့ဝတ်တဲ့ဂျွန်းဆရတ်ဝတ်စုံ တွေဆိုရင်အထဲမှာရွှေချည်၊ ငွေချည်တွေရှိတယ်။





❖အူလူထဲမ်ဘူရွန်ပန်းခြံထဲကသစ်ပင်ထိပ်မှာဆောက်ထားတဲ့တံတားပေါ်ကလျှောက်ကြည့်ရင်သစ်ပင်ပေါ်မှာနေထိုင်သလိုဘဲခံစားရမယ်။





❖အယ်မ်ဘူယတ်ဆိုတာသာကူနဲ့လုပ်ထားတဲ့စေးကပ်တဲ့မုန့်ဖြစ်တယ်။ သူ့ကိုတူနဲ့ပတ်ပြီးသရက်သီးအချဉ်ရည်နဲ့နှစ်ပြီးစားရတယ်။

❖လူပေါင်း ၃၀၀၀၀ ကျော်ဟာရေပေါ်ရွာတွေမှာနေထိုင်ကြတယ်။ အငှားမော်တော်နဲ့ကျောင်းတွေ၊ ဆေးခန်းတွေ၊ ဈေးဆိုင်တွေ၊ ဓါတ်ဆီဆိုင်နဲ့မွတ်ဆလင်ဘုရားကျောင်းကိုသွားလို့ရတယ်။ ဒီရွာကလူတွေကအယ်မ်ဘူယတ်လို့ခေါ်တဲ့အစားအသောက်ကိုစားကြတယ်။




# ကမ္ဘောဒီးယား

လွန်ခဲ့တဲ့နှစ်ပေါင်း၉၀၀ မတိုင်မီတုန်းကကမ္ဘောဒီးယားနိုင်ငံဟာအလွန်ကြီးကျယ်ခမ်းနားတဲ့ထီးနန်းနိုင်ငံကြီးဖြစ်ခဲ့တယ်။ အခုထက်ထိသူ့ရဲ့ဘုရားကျောင်းတွေနဲ့ပန်းပုတွေရှိနေတုန်းဘဲ။




❖ငွေဘုရားမှာစိန်အလုံး ၉၀၀၀ ကျော်စီခြယ်ထားတဲ့ရွှေဆင်းတုနဲ့သူ့ပတ်ပတ်လည်မှာတော့ငွေဆင်းတုကြေးဆင်းတုနဲ့စကျင်ကျောက်ဆင်းတုတွေရှိတယ်။





❖အန်းကောဝပ်ဟာအလွန်ထင်ရှားတဲ့ဟိန္ဒူဘုရားကျောင်းဖြစ်တယ်။ ဟိန္ဒူတွေရဲ့သန့်ရှင်းသောမိရုတောင်နဲ့တူအောင်ဆောက်လုပ်ထားတာဖြစ်တယ်။ သူ့ရဲ့မျှော်စင် ၅ ခုဟာတောင်ထွတ်တွေနဲ့တူပြီးသူ့ရဲ့ပတ်ပတ်လည်ကကျုံးဟာသမုဒ္ဒရာနဲ့တူတယ်။ သူ့ရဲ့နံရံပေါ်ကထွင်းထားတဲ့ပန်းပုရုပ်တွေဟာပုံပြင်နဲ့အကြောင်းအရာအမျိုးမျိုးကိုဖေါ် ပြနေတယ်။

❖တော်လယ်စပ်မြစ်ဟာတစ်နှစ်ကိုရေစီးကြောင်းနှစ်ခါပြောင်းလဲတယ်။ မြစ်ရေဟာနောက်ပြန်စီးတဲ့အခါအနားမှာရှိတဲ့သစ်တောကိုရေကြီးစေတယ်။ မြစ်ရေတစ်ခါရွှေတည့် တည့်ပြန်စီးတဲ့အခါမှာတခါတရံငါးတွေဟာသစ်ပင်ပေါ်မှာကပ်ကျန်ခဲ့တယ်။




❖ကမ္ဘောဒီးယားမှာပိုးကောင်ကြော်တွေကိုနေ့လည်စာအဖြစ်စားကြတယ်။ စမ်ချရုပ်လို့ခေါ်တဲ့အစာကဝက်သားနဲ့တိုဟူးကိုထမင်းနဲ့လုံးထားတာ။ အဲဒါကိုငံပြာရည်နဲ့တို့စားရတယ်။အဲဒီငံပြာရည်ကဆားနဲ့နယ်ထားတဲ့ငါးကိုပုလင်းထဲ မှာ ၃ လလောက်သိပ်ထားတဲ့ငံပြာရည်ဖြစ်တယ်။





❖ကမ္ဘောဒီးယားအကတွေမှာပါဝင်တဲ့ကချေသည်အားလုံးလိုလိုဟာမိန်းမတွေဘဲဖြစ်တယ်။ ယောက်ျားဆိုလို့မျောက်အဖြစ်သရုပ်ဆောင်တဲ့သူဘဲပါတယ်။



# ဗီယက်နမ်

ဗီယက်နမ်လူမျိုးများဟာလယ်သမား(သို့)တံငါသည်တွေဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတာ သိချင်ရင်အောက်ကစာပိုဒ်ကိုဖတ်ကြည့်ပါ။

❖ပုံပြင်တစ်ခုထဲမှာနဂါးမင်းဟာနတ်သမီးတစ်ပါးနဲ့လက်ထပ်ပြီးကလေးအယောက်တစ်ရာထွန်းကားတယ်။ ဒီကလေးတွေဟာပထမဆုံးသောဗီယက်နမ်လူမျိုးဖြစ်တယ်လို့ပြောကြတယ်။ နတ်သမီးကကုန်းပေါ်မှာနေပြီးနဂါးမင်းကတော့ရေထဲမှာနေတယ်။ ဒါကြောင့်ဗီယက်နမ်လူမျိုးတွေဟာတစ်ချို့ကလယ်သမားဖြစ်ပြီးတစ်ချို့ကတံငါသည်တွေဖြစ်တယ်။







❖ဗီယက်နမ်မိန်းကလေးတွေဟာအာအိုဒိုင်ယာ (ao dia) လို့ခေါ်တဲ့လှပတဲ့ဝတ်စုံကိုဝတ်ဆင်ပြီး နော(န်)လာ (non la) လို့ခေါ်တဲ့ခမောက်ကြီးကြီးတွေကို ဆောင်းကြတယ်။ နေရာတိုင်းမှာစက်ဘီးတွေကိုစီးကြတယ်။








❖ဗီယက်နမ်အစားအသောက်များဟာလတ်ဆတ်မွှေးကြိုင်ပြီးအထဲမှာဟင်းသီးဟင်းရွက်အများအပြားထည့်ထားတယ်။ ချာဂျီအိုနဲ့ဖိုစွပ်ပြုတ်တွေဟာအရသာရှိပြီးကျန်းမာစေတယ်။




❖ဒီခြင်းတောင်းပုံစံသေးငယ်ဝိုင်းဝန်းတဲ့လှေကိုစီးရတာသစ်သီးစေ့အကြီးကြီးရဲ့အခွံထဲမှာနေရသလိုပဲ။ ဒီလှေတွေကိုတံငါသည်တွေကသူတို့ရဲ့ငါးဖမ်းလှေဆီသွားတဲ့အခါစီးသွားဖို့သုံးလေ့ရှိတယ်။




❖လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ မတိုင်ခင်ကကျောင်းသားတွေနိုင်ငံတော်စာမေးပွဲကိုအောင်မြင်တဲ့အခါသူ့ရဲ့အမည်ကိုစာပေဆိုင်ရာဘုရားကျောင်းမှာရှိတဲ့ကျောက်ပြားပေါ်မှာထွင်းထားတယ်။ ဟိုးလွန်လေပြီးတဲ့အချိန်ကပညာတော်သင်တွေရဲ့နာမည်တွေကိုတွေ့လား။



# ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံရဲ့မြို့တော်ဟာကမ္ဘာပေါ်မှာရှိတဲ့မြို့တော်အမည်အားလုံးထဲမှာအရှည်လျားဆုံးဘဲ။ သူ့ရဲ့တရားဝင်အမည်ဟာကရွန်ထေ့မဟာနခေါ်(န်)၊ အမော်ရတ်တနတ်ကိုစင်၊ မဟင်းထရာယုတ္တယ၊ မဟာဒီလိုဖုတ်နို့ဖာရတ်၊ ရတ်ချထာနီဘူရီရွမ်၊ ဥဒွန်ရာချနီဝေ့မဟာစာထန်၊ အမော်ဖိမန်၊ အဝတန်စာထစ်၊ စာခါထတ်တိရဝိစနုကမ်ပရာစစ်ဖြစ်တယ်။ ဒါပေမဲ့လူအများက "ဘန်ကောက်" လို့ဘဲခေါ်ကြတယ်။







❖ပြိုင်ဖက်ကင်းတဲ့မြဘုရားဆင်းတုကတော့ထိုင်းနိုင်ငံကအထွဋ်အမြတ်ထားတဲ့ဆင်းတုတော်ဖြစ်တယ်။ ထိုင်းဘုရင်ဟာမြဘုရားကိုတစ်နှစ်သုံးခါဝတ်ရုံပြောင်းလဲဝတ်ဆင်ပေးတယ်။ ဒီမြဘုရားဝတ်ရုံကိုရွှေနဲ့အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့စီခြယ်ထားတယ်။


❖ထိုင်းပိုးထည်တွေဟာလှပတဲ့အဆင်နဲ့ဒီဇိုင်းကြောင့်အရမ်းထင်ရှားတယ်။







❖တုန်းယမ်ကွန်းကိုသောက်ကြည့်မလား။တုန်းယမ်ကွန်းလို့ခေါ်တဲ့ပုစွန်ရယ်၊အမွှေးအကြိုင် တွေနဲ့ငြုပ်သီးရယ်၊ သံပုရာရည်ရယ်ပါတဲ့ပူစပ်ချဉ်မွှေးတဲ့ဟင်းချိုကိုထိုင်းလူမျိုးတွေအလွန် ကြိုက်နှစ်သက်ကြတယ်။






❖လွိုင်ကထုံလို့ခေါ်တဲ့ထိုင်းရိုးရာပွဲမှာထိုင်းလူမျိုးတွေဟာပန်းမီးအိမ်တွေကိုရေထဲမျှောချကြတာပန်းတွေမြစ်ထဲမှာမျှောနေသလိုဘဲ။ ကြည့်လို့အရမ်းလှတယ်။

# ဘင်္ဂလားဒေ့(ရှ်)

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံဟာပူအိုက်စွတ်စိုတယ်။ မိုးအလွန်များတဲ့အတွက်နိုင်ငံရဲ့နေရာအချို့ဟာအချိန်တိုင်းလိုလိုရေကြီးလေ့ရှိတယ်။







❖ဒီလူဟာဂုံလျှော်ပင်ကိုရိတ်နေတယ်။ ဒီဂုံလျှော်ပင်ကိုအခြောက်လှန်းပြီးကြိုးတွေ၊ ပိတ်စအိတ်တွေနဲ့အခြားပစ္စည်းအမျိုးမျိုးပြုလုပ်နိုင်တယ်။

❖ကြယ်မူဆလင်ဘုရားကျောင်းရဲ့အမိုးမှာတောက်ပတဲ့ကြယ်တွေအများကြီးရှိတယ်။ ဆိုက်ကားဆရာတွေဟာသူတို့ရဲ့ဆိုက်ကားကိုအရောင်မျိုးစုံနဲ့လှပအောင်ပြင်ဆင်ထားတယ်။




❖ဘင်္ဂလားဒေ့(ရှ်)အမျိုးသမီးတွေဟာဆါရီလို့ခေါ်တဲ့အဝတ်ကိုဝတ်လေ့ရှိတယ်။ သူတို့ရဲ့ဆါရီဟောင်းနွမ်းစုတ်ပြဲသွားရင်လွှင့်မပစ်ကြဘူး၊ နာရှီခန်သာလို့ခေါ်တဲ့ဂွမ်းစောင် (သို့)အိပ်ရာခင်းအဖြစ်ပြန်ချုပ်ကြတယ်။ နာရှီခန်သာစောင်၊ အိပ်ရာခင်းတိုင်းဟာချုပ်လုပ်သူရဲ့ပုံပြင်တွေကိုဖော်ပြနေတယ်။

❖ကြည့်စမ်း၊ ဒို့ရဲ့ပန်ဂျာဘီဝတ်စုံကို၊ ဒီဝတ်စုံကိုပေ့ါပါးတဲ့ဂျမ်ဒါနီပိတ်စနဲ့ချုပ်ထားတယ်။ ဒီပိတ်စကိုဝတ်ထားရင်လေထဲမှာလွင့်နေတော့လေနဲ့လုပ်ထား တဲ့ပိတ်လို့ တောင်ထင်ရတယ်။





❖ဘင်္ဂလားဒေ့(ရှ်)မှာရှိတဲ့ကော့စ်ဘဇာကမ်းခြေဟာ ၁၂၀ ကီလိုမီတာရှည်လျားတယ်။ ကမ္ဘာပေါ်မှာအရှည်လျားဆုံးကမ်းခြေဖြစ်တယ်။

# သီရိလင်္ကာ


သီရိလင်္ကာဟာအိန္ဒိယပြည့်ရဲ့အစွန်းမှာမျက်ရည်စက်တစ်စက်လိုကျလာတဲ့ပုံသဏ္ဍာန်ရှိတယ်။ တစ်ချို့ကသီရိလင်္ကာကို"အရှေ့တိုင်းရဲ့ပုလဲ" လို့ခေါ်ကြတယ်။

❖စီဂီရီယနန်းတော်ကိုလွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင့်ငါးရာမတိုင်ခင်ထဲကဆောက်လုပ်ခဲ့တယ်။ ခုဆိုရင်အစိတ်အပိုင်းသေးသေးတွေဘဲကျန်ရှိတော့တယ်။ ပုံထဲမှာခြသေ့်ခြေဖဝါးတွေကိုတွေ့လား။ ဒီနန်းတော်ကိုခြသေ့်နဲ့တူအောင်ဆောက်လုပ်ထားတာ။



Sigiriya

စီဂီရီယ



hoppers

ဟော့ပါး

❖ဟော့ပါးလို့ခေါ်တဲ့သီရိလင်္ကာဘိန်းမုန့်တွေဟာအရမ်းအရသာရှိတယ်။ အလယ်ကပျော့ပြီးဘေးသားတွေကကြွပ်တယ်။

❖မျက်နှာဖုံးထွင်းထုတဲ့အတတ်ပညာဟာသီရိလင်္ကာနိုင်ငံမှာအရေးပါတယ်။ လူတွေဟာသူတို့အိမ်ဆောက်နေစဉ်မှာအိမ်အသစ်ရဲ့အပြင်ဖက်မှာကြောက်စရာမျက်နှာဖုံးတွေကိုထားထားတယ်။ ဒါမှမကောင်းဆိုးဝါးတွေအိမ်ထဲကိုမဝင်ရောက်နိုင်ဘူးလို့ယုံကြည်ကြတယ်။



mask carving

မျက်နှာဖုံးထွင်းထုခြင်း




jewels

ကျောက်မျက်ရတနာများ

❖ရတ်နာပူရမြို့တော်မှာအဖိုးတန်ပြီးလှပတဲ့အပြာရောင်၊ အနီရောင်၊ အဝါရောင်ကျောက်တွေထွက်တယ်။

အံတော်စေတီ

Temple of the Tooth




❖ဗုဒ္ဓဘာသာဝင်တွေကအံတော်ဘုရား (အံတော်စေတီ) မှာဗုဒ္ဓရဲ့အံတော်တစ်ချောင်းရှိတယ်လို့ယုံကြည်ကြတယ်။ တစ်ချိန်တုန်းကလူတွေကဒီအံတော်ကိုပိုင်ဆိုင်တဲ့သူဟာရှင်ဘုရင်ဖြစ်ရမယ်လို့ယူဆကြတယ်။

# အိန္ဒိယ


သီရိလင်္ကာရဲ့မြောက်ဖက်မှာဘဲအိန္ဒိယပြည်ရှိတယ်။အိန္ဒိယပြည်ဟာရာဇဝင်
အမြောက်အများနဲ့လူအမြောက်အများရှိတဲ့နိုင်ငံဖြစ်တယ်။

Taj Mahal

တာဂျ်မဟာ



❖ဆာဂျဟန်ဟာသူ့မိဘုရားဆုံးတဲ့အခါစိတ်ထိခိုက်လွန်းလို့သူ့ဆံပင်တွေဟာညတွင်းချင်းဖြူသွားတယ်လို့လူတွေကပြောကြတယ်။။ သူဟာသူ့မိဘုရားအပေါ်ထားတဲ့သူ့အချစ်ကိုမှတ်ကျောက်တင်ဘို့တာဂျ်မဟာဂူဗိမ္မာန်ကိုဆောက်လုပ်ခဲ့တယ်။



❖ဟိုးအရင်တုန်းကအိန္ဒိယဘုရင့်သမီးတော်အချို့ဟာအပြင်ထွက်ခွင့်မရဘူး။ သူတို့ဟာလေနန်းတော်ရဲ့ပြတင်းပေါက်ကနေဘဲအပြင်လောကကိုကြည့်ရတယ်။

Palace of the Winds


လေနန်းတော်



❖အိန္ဒိယနိုင်ငံမှာနွားတွေကိုအထွတ်အမြတ်ထားကြတယ်။ နွားကိုသတ်ခဲ့ရင်ထောင်ထဲမှာသွားနေရမှာဖြစ်တယ်။

Diwali

ဒေဝါလီ





❖ဒေဝါလီလို့ခေါ်တဲ့မီးထွန်းပွဲတော်မှာဆိုရင်ဟိန္ဒူဘာသာဝင်တွေဟာနေရာအနှံ့မှာလှပတဲ့မီးလေးတွေထွန်းထားကြတယ်။ ကြမ်းတွေပေါ်မှာလဲအခြားလူတွေကိုဧည့်ခံဘို့ရန်ဂိုလီပုံစံတွေကိုပြုလုပ်ကြတယ်။

rangoli

ရန်ဂိုလီ

❖ဟိန္ဒူဘာသာဝင်အများအပြားဟာနှစ်တိုင်းဂင်္ဂါမြစ်ထဲမှာရေဆင်းချိုးကြတယ်။ သူတို့ကသူတို့ဘုရားတွေကဒီမြစ်ကိုမိုးပေါ်ကနေစီးဆင်းလာစေတယ်လို့ယုံကြည်ကြတယ်။




❖ဒီမှာချာပါတီကိုဟင်းနဲ့စားကြရအောင်။ ချာပါတီဟာဂျုံမုန့်အပြားဖြစ်ပြီးဟင်းနဲ့စားရတယ်။ အိန္ဒိယဟင်းဟာပူစပ်ပြီးအမွှေးနံ့သာနဲ့ပြည့်စုံလို့ကမ္ဘာတဝှမ်းလုံးကလူတွေကြိုက်နှစ်သက်ကြတယ်။

❖ကမ္ဘာပေါ်မှာငြိမ်းချမ်းမှုကိုချစ်မြတ်နိုးတဲ့နာမည်ကျော်လူနှစ်ယောက်ဒီနိုင်ငံမှာနေခဲ့တယ်ဆိုတာသိရဲ့လား။ ငြိမ်းချမ်းရေးဖခင်ကြီးမဟတ္တမဂန္ဒီဟာကမ္ဘာကြီးကိုမတိုက်ခိုက်ဘဲငြိမ်းချမ်းစွာပြုပြင်ပြောင်းလဲဘို့လူတွေကိုသင်ကြားခဲ့တယ်။ မာသာထရီစာကတော့အိန္ဒိယမှာရှိတဲ့နာမကျန်းတဲ့သူတွေနဲ့ သေလုနီးပါးလူတွေကိုပြုစုစောင့်ရှောက်တယ်။








❖အိန္ဒိယအမျိုးသမီးတွေဟာဆာရီဆိုတဲ့အဝတ်ကိုဝတ်ဆင်ကြတာနှစ်ပေါင်း၅၀၀၀တောင်ရှိပြီ။ အိန္ဒိယအမျိုးသမီးတွေရဲ့နဖူးမှာတွေ့ရတဲ့အစက်ကိုဘင်းဒီလို့ခေါ်တယ်။




❖ဟိမဝန္တာတောင်တန်းဟာအိန္ဒိယ၊ တိဘက်နဲ့နီပေါတစ်လျှောက်တစ်ဆက်တည်းတည်ရှိနေတယ်။ ဟိမဝန္တာရဲ့အဓိပ္ပါယ်က "နှင်းတို့ရဲ့အိမ်" တဲ့။



# ပါကစ္စတန်

ပါကစ္စတန်ဟာရှည်လျားတဲ့သမိုင်းရှိတယ်။ ပါကစ္စတန်လူမျိုးတွေဟာဒီတိုင်းပြည်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၅၀၀ မတိုင်ခင်ကထဲကနေထိုင်လာကြတယ်။




boat bridge

လှေတံတား

❖လွန်ခဲ့တဲ့နှစ်ပေါင်း ၂၃၀၀ မတိုင်ခင်က ဂရိအောင်နိုင်သူ (အလက်ဇန္ဒြားသာဂရိတ်) ဟာအိန္ဒုမြစ်ကိုဖြတ်ပြီးအိန္ဒိယ အထိရောက် အောင်ဒီလှေတံတားကိုဆောက်ခဲ့တယ်။

❖မိုအန်ဂျိုဒါရိုမှာတောင်ကြားနေရှေးအိန္ဒုလူမျိုးတွေဟာလမ်း တွေခြံတွေ့ရှိတဲ့မြို့တွေမှာနေထိုင်ခဲ့ကြတယ်။သူတို့ဘယ်လိုပျောက် သွားသလဲဆိုတာဘယ်သူမှမသိကြဘူး။



Moenjo-Daro

မိုအန်ဂျိုဒါရို

❖အိန္ဒုမြစ်ရဲ့လင်းပိုင်တွေဟာအိန္ဒုမြစ်ထဲမှာနေထိုင်ကြတယ်။ တခါတလေသူတို့ဟာဘေးတိုက်ကူးခတ်ပြီးသူတို့ရဲ့ဆူးတောင် နဲ့ဟိုးမြစ်အောက်မှာရှိတဲ့အစာတွေကိုရှာဖွေကြတယ်။



အိန္ဒုမြစ်လင်းပိုင်


Indus River dolphin



K 2

ခေထူး

❖K 2 - (ခေ–ထူး)တောင်ဟာကမ္ဘာပေါ်မှာဒုတိယအ မြင့်ဆုံးတောင်ဘဲ။ သူ့ကိုတက်ရတာဧဝရက်တောင်တက် ရတာထက်တောင်ခက်ခဲသေးတယ်။



trucks

ထရပ်ကား

❖ပါကစ္စတန်ထရပ်ကားယာဉ်မောင်းတွေဟာ သူတို့ရဲ့ထရပ်ကားကိုရောင်စုံအလှဆင်ထားကြ တယ်။

# တူရကီ

လွန်လေပြီးသောအခါကတူရကီကုန်သည်တွေဟာတာကီကငှက်(ကြက်ဆင်)တွေကို အင်္ဂလိပ်တွေကိုရောင်းခဲ့တယ်။ ဒါကြောင့်အင်္ဂလိပ်တွေကဒီငှက်ကိုတာကီ (မြန်မာလို–ကြက်ဆင်)လို့ခေါ်ဝေါ်တယ်။


Sunken Palace Cistern



စန်းကင်းပဲလေ့စ်စီစတန်

❖စန်းကင်းပဲလေ့စ်စီစတန်ဟာကြီးမားလှတဲ့မြေအောက်ရေတွင်းကြီးဖြစ်တယ်။ ခန်းနားလွန်းလို့ ရေပေါ်မှာပေါ်နေတဲ့နန်းတော်ကြီးနဲ့တူတယ်။


Topkapi Palace



တော့ကပီနန်းတော်

❖အော်တိုမန်စူလ်တန်တွေဟာတခါတုန်းက တော့ကပီနန်းတော် မှာ သူ့မိသားစုရယ်အခြွေအရံတွေနဲ့နေထိုင်ခဲ့ကြတယ်။ လူပေါင်း ၄၀၀၀၀ လောက်နန်းတော်ထဲမှာနေထိုင်ကြတယ်။


shish kebab




ရှစ်(ရှ်)ကပတ်

❖ရှစ်(ရှ်)ကပတ် (ShishKebab) နဲ့တပ်ကစ်(ရှ်)ဒီလိုက် (Turkishdeligh) ကိုစားကြည့်ရအောင်။ တပ်ကစ်(ရှ်)ဒီလိုက်ကသစ်သီးဂျယ်လီတွေကိုသကြားတွေနဲ့ အုပ်ထားတာ ... အား —ကောင်းမှာဘဲနော်။

Turkish delight



တပ်ကစ်(ရှ်)ဒီလိုက်



❖ဆီနပန်းပွဲကတော့နိုင်ဘို့တော်တော်ခက်မယ်။ ဘာဖြစ်လို့လဲဆို တော့ကိုယ့်ပြိုင်ဖက်ကချော်ချော်ထွက်သွားလို့လေ။

oil wrestling

ဆီနပန်းပွဲ

# ဆော်ဒီအရေးဗီးယား


ဆော်ဒီအရေးဗီးယားနိုင်ငံရဲ့နေရာအားလုံးနီးပါးဟာသဲကန္တာရဖြစ်တယ်။ နေ့အချိန်မှာပူပြင်းခြောက်သွေ့ပြီးညအချိန်မှာအလွန်အေးတယ်။




❖အာပ်ဒူလ်အစစ်အင်ဆော့ဘုရင်ဟာဆော်ဒီနိုင်ငံကို ၁၉၃၂ ခုနှစ်မှာရှာတွေ့ခဲ့တယ်။ ဆော်ဒီအာရေးဗီးယားနိုင်ငံကိုသူ့မိသားစုအမည်ကိုယူပြီးဆော်ဒီအာရေးဗီးယားနိုင်ငံလို့အမည်မှည့်ပေးခဲ့တယ်။



❖နှစ်ပေါင်း ၃၀ ကျော်တုန်းကလူတွေကမြေအောက်ကနေရေနံကိုရှာဖွေတွေ့ခဲ့ကြတယ်။ ရေနံကိုရွှေနက်လို့ခေါ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့မြေအောက်ကထွက်လာတဲ့အခါအမည်းရောင်ရှိပြီးဆော်ဒီအာရေးဗီးယားနိုင်ငံကိုချမ်းသာစေတဲ့အတွက်ဖြစ်တယ်။












❖ဆော်ဒီလူမျိုးတိုင်းဟာအဖြူမဟုတ်ရင်အမည်းကိုဝတ်ဆင်ကြတယ်။ ယောက်ျားတွေကဝတ်ရုံရှည်နဲ့ခေါင်းပေါင်းကိုဝတ်ဆင်ပြီးအမျိုးသမီးတွေကအဘာယလို့ခေါ်တဲ့အမည်းရောင်အဝတ်ကိုသူတို့ရဲ့ဝတ်စုံပေါ်မှာထပ်ဝတ်ပြီးမျက်နှာကိုဖုံးထားတဲ့ဇာတွေကိုဝတ်ဆင်ကြတယ်။

❖စွန်ပလွန်သီးအခြောက်တွေဟာကျန်းမာရေးနဲ့ကိုက်ညီပြီးလူကြိုက်များတဲ့အဆာပြေစာဖြစ်တယ်။







❖ကမ္ဘာပေါ်ရှိမွတ်ဆလင်ဘာသာဝင်တွေဟာသူတို့ဘာသာရဲ့သန့်ရှင်းသောမြို့တော်မက်ကာမြို့ကိုမျက်နှာမူပြီးတစ်နေ့ကိုငါးကြိမ်ဆုတောင်းကြတယ်။ မွတ်ဆလင်တစ်သန်းကျော်ဟာဂရဲ(န်)မော့(စ်)ဗလီကိုနှစ်စဉ်ဟာဂျီဘုရားဖူးထွက်ကြတယ်။




❖ဘက်ဒိုအင် (**Bedouin**) စားပွဲမှာသိုးတစ်ကောင်လုံးကိုတည်ခင်းတယ်။ နောက်ပြီးကော်ဖီသောက်ကြတယ်။ ကော်ဖီဟာသီးခြားအိုး ၃ လုံးနဲ့အဆင့်ဆင့်ပြုတ်ခံရတဲ့အတွက်အရသာပိုကောင်းတယ်။

# အစ္စရေး(လ်)


အစ္စရေး(လ်) နိုင်ငံဟာစိတ်ဝင်စားစရာနေရာဟောင်းများစွာရှိတယ်။ ဂျေရုစလင်မြို့ဟာအစ္စရေးလ်နိုင်ငံရဲ့မြို့တော်ဖြစ်ပြီးနှစ်ပေါင်းသုံးထောင်ရှိပြီ။



❖သန့်ရှင်းသောစီပါချာဘုရားကျောင်း (Church of the Holy Sepulchre) ဟာ ခရစ်တော်ကိုမြှုပ်နှံခဲ့ပြီးရှင်ပြန်ထမြောက်ခဲ့တဲ့နေရာလို့ခရစ်ယာန်တွေကယုံကြည်ကြတယ်။

Church of the Holy Sepulchre

သန့်ရှင်းသောစီပါချာဘုရားကျောင်း




❖ပင်လယ်သေထဲမှာသင်ဘယ်တော့မှနစ်မြုပ်မသွားဘူး။ ဘာဖြစ်လဲဆိုတော့ပင်လယ်သေထဲမှာဆားတွေအမြောက်အများရှိနေလို့ဖြစ်တယ်။

Dead Sea


ပင်လယ်သေ

Western Wall



❖ဝက်စတန်းဝေါလ် (အနောက်ဖက်နံရံ) ဟာစော်လမွန်ဘုရင်ကြီးဟိုးလွန်ခဲ့တဲ့ အနှစ် ၃၀၀၀ ကျော်ကဆောက်ခဲ့တဲ့ကြီးကျယ်ခန်းနားတဲ့ဘုရားကျောင်းရဲ့တစ်စိတ်တစ်ဒေသဖြစ်တယ်။ ဂျူးလူမျိုးတွေဟာဒီမှာမကြာခဏလာပြီးဘုရားရှိခိုးကြတယ်။

ဝက်စတန်းဝေါ (လ်)



Dome of the Rock

❖အမိုးဝိုင်းရှိသောလိပ်ခုံးပုံကျောက်ဗိမ္မာန်ကြီး (Dome of the Rock) အထဲမှာထူးခြားတဲ့ကျောက်တစ်လုံးရှိတယ်။ ဂျူးတစ်ချို့ကဘုရားသခင်ကမ္ဘာကြီးကိုဒီကျောက်နဲ့စဆောက်ခဲ့တာလို့ယုံကြည်ကြတယ်။ မွတ်ဆလင်တွေကပရောဖက်မိုဟာမက်ဟာဒီကျောက်ပေါ်မှာရပ်နေတုန်းကောင်းကင်ကိုတက်သွားခဲ့တယ်လို့ယုံကြည်ကြတယ်။


ကျောက်ဗိမ္မာန်ကြီး



Red Sea

ပင်လယ်နီ


❖ပင်လယ်နီကတော့အစ္စရေးတွေရန်သူလက်ထဲကနေထွက်ပြေးတုန်းကဘုရားသခင်ကပင်လယ်နီကိုထက်ခြမ်းခြမ်းလိုက်ပြီးအစ္စရေးတွေနဲ့မိုးဇက်ကိုပင်လယ်ကြမ်းပြင်ကုန်းမြေပေါ်ကနေဖြတ်ကူးစေခဲ့တယ်လို့ဂျူးတွေကယုံကြည်ကြတယ်။ ဒီရက်ကိုဂျူးတွေကအောက်မေ့တဲ့အနေနဲ့ပွဲ(စ်) အိုဗာ (လွတ်မြောက်ခြင်းပွဲတော်) စားပွဲကိုယခုချိန်ထိကျင်းပကြတယ်။



Passover

ပွဲ (စ်) အိုဗာ

# ဥရောပတိုက်





ဥရောပတိုက်ဟာကမ္ဘာပေါ်မှာအသေးငယ်ဆုံးတိုက်ကလေးဖြစ်တယ်။သူဟာအာရှတိုက်နဲ့ဆက်နေတယ်။ လွန်ခဲ့တဲ့နှစ် ၂၀၀၀ ကျော်တုန်းကတန်ခိုးကြီးမားတဲ့နိုင်ငံတော်အမြောက်အများဟာဥရောပတိုက်မှာပေါ်ထွန်းခဲ့တယ်။ ဒါကြောင့်ကြီးကျယ်ခမ်းနားတဲ့နန်းတော်နဲ့အဆောက်အဦအများအပြားကိုဥရောပအနှံ့မှာတွေ့ရတာဖြစ်တယ်။


နော်ဝေး
နယ်သာလန်
ဂျာမဏီ
သြစတြီးယား
အီတလီ
ဆွစ်ဇလန်
ဂရိ


# ဗြိတိသျှ

ဗြိတိသျှဟာအင်္ဂလန်၊ စကော့တလန်၊ ဝေလနဲ့မြောက်အိုင်ယာလန်တို့ကိုစုပြီးခေါ်တဲ့အမည်ဖြစ်တယ်။




❖လန်ဒန်ကိုသွားပြီးဘုရင်မဆီသွားလည်ရအောင်။ ဘုရင်မဟာဘတ်ကင်ဟမ်နန်းတော်မှာနေတယ်။ နန်းတော်အစောင့်တွေဟာနန်းတော်လုံခြုံရေးကိုကာကွယ်စောင့်ရှောက်တယ်။

❖အိုင်းရစ်(ရှ်) လူမျိုးတွေလဲအဆိုအကကိုမြတ်နိုးကြတယ်။ စိန့်ပက်ထရစ်နေ့မှာဆိုရင် အောင့်မေ့ဘွယ်အနေနဲ့ပြဇာတ်တွေပြလေ့ရှိတယ်။








❖စကော့တောင်ပေါ်လူမျိုးတို့ရဲ့အကကိုကြည့်ရအောင်။ စကော့တလန်ယောက်ျားက (kilt) လို့ခေါ်တဲ့စကတ်နဲ့တူတဲ့စကော့တောင်ပေါ်သားဂါဝန်ကိုဝတ်ပြီး bag pipes လို့ခေါ်တဲ့လေအိတ်နဲ့မှုတ်တဲ့ပလွေကိုမှုတ်နေတယ်။








❖နေ့လည်စာအနေနဲ့အာလူးကြော်နဲ့ငါးကြော်ဒါမှမဟုတ်စကော့လူမျိုးတို့ရဲ့သိုးကောင်လုံးသွတ်ဟင်း **(Scottish haggis)** ဒါမှမဟုတ် ဝေး(လ်) လူမျိုးတွေရဲ့ပင်လယ်ရေမှော်ဂျယ်လီနဲ့လုပ်ထားတဲ့လာဗာ ဗရက်ဒ် **(laver bread)** ကိုစားလေ့ရှိတယ်။

❖ဝေးလ်(စ်) ကအီစတက်ဖေါ (ဒ်) နှစ်ပတ်လည်အနုပညာပြိုင်ပွဲမှာအနိုင်ရသူကိုစာဆိုတော်ကြီးလို့ခေါ်ပြီးဆုအဖြစ်ကုလားထိုင်ကိုချီးမြှင့်လေ့ရှိတယ်။




❖ဘာဖြစ်လို့များရှေးဟောင်းလူတွေကဒီရှေးကျောက်အဆောက်အအုံများကိုဆောက်ခဲ့သလဲမသိဘူးနော်။ အချိန် ကာလကိုတွက်ချက်ဘို့များလား။




# အိုက်စလန်

အိုက်စလန်ဟာရေခဲရောမီးရောရှိတဲ့နိုင်ငံဖြစ်တယ်။ နိုင်ငံရဲ့တစ်စိတ်တစ်ဒေသဟာရေခဲတွေဖုံးနေပေမဲ့မီးတောင်တွေနဲ့ဆူပွက်နေတဲ့ရွှံ့အိုင်တွေလဲရှိတယ်။

❖အိုက်စလန်လူမျိုးတွေဟာ ဗလာဘာလို့ခေါ်တဲ့ ဝေလငါးရဲ့အဆီကိုလှီးပြီးအခြောက်လှန်းစားကြတယ်။ ငါးမန်းအပုပ်နဲ့လုပ်ထားတဲ့ဟာကာလ်ဟာအိုက်စလန်အစားအသောက်တစ်မျိုးဖြစ်တယ်။







❖ဘလူးလဂွန်း (Blue lagoon) ပင်လယ်တိမ်ဟာနို့ပြာရောင်ရေတွေနဲ့ပြည့်နေတယ်။ အဲဒီအထဲမှာရေစိမ်ရင်နွေးပြီးအညောင်းအညာပြေစေတယ်။




❖ဘန်းဒေးလို့ခေါ်တဲ့မုန့်နေ့မှာစကော့တလန်ကလေးတွေဟာ သူတို့မိဘတွေကိုဘန်းကြိမ်တံနဲ့ရိုက်ပုတ်နှိုးကြတယ်။ သူတို့မိဘကိုအိပ်ရာကနေထအောင်လုပ်နိုင်တဲ့ကလေးတွေကိုမလိုင်မုန့်လုံးတွေဆုချတယ်။




❖အိုက်စလန်လူမျိုးတွေကခရစ်စမတ်ပွဲတော်မတိုင်မီဂရေလာ (Grayla) ဆိုတဲ့လူပုမဟာသူ့ရဲ့ယူလီထိုက်လက်ဒ် လို့ခေါ်တဲ့လူရှုပ်လူနောက်ကလေး ၁၃ ယောက်နဲ့အတူလာလေ့ရှိတယ်လို့ပြောကြတယ်။ သူတို့တွေဘယ်လိုမျှားနောက်ထားမှာပါလိမ့်။

# နော်ဝေး


နော်ဝေးနိုင်ငံကို “သန်းခေါင်ယံနေတိုင်းပြည်” လို့ခေါ်ကြတယ်။ နွေရာသီမှာ နေ့တာရှည်ပြီးညတာတိုတယ်။ အချို့နေရာတွေမှာဆို ၂ လလောက်နေမဝင်ဘူး။

❖ဆာမီလူမျိုးတွေဟာနော်ဝေးကိုဟိုးနှစ်ပေါင်း ၁၀၀၀၀ မတိုင်ခင်ကထဲကလာရောက်နေထိုင်ကြတယ်။ သူတို့ထဲကလူများစုဟာမြောက်ဝင်ရိုးစွန်းဒရယ်(ရိန်းဒီးယား) တွေကိုထိန်းကျောင်းကြတယ်။

Sami

ဆာမီ





❖ရှေးအီဂျစ်တွေပင်လယ်ကိုဖြတ်ဖူးလားမဖြတ်ဖူးလားသိရအောင်သိုဟေရာဒါလ် (Thor Heyerdahl) ဟာရှေးခေတ်အီဂျစ်လှေသင်္ဘောကိုဆောက်ပြီးအတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်ခဲ့တယ်။

သိုဟေရာဒါလ်


Thor Heyerdahl



ဗိုက်ကင်(စ်)

Vikings

❖နော်ဝေးလူမျိုးများဟာလူစွန့်စားများဖြစ်ကြတယ်။ အရင်တုန်းကပင်လယ်ဓါးပြတွေဟာအိုက်စလန်၊ ဂရင်းလန်းနဲ့အမေရိကန်နိုင်ငံတွေကိုရွက်လွှင့်သွားကြတယ်။



လုဖိ(စ်)ခ်

lutefisk

❖ခရစ္စမတ်မှာအချို့နော်ဝေးလူမျိုးတွေဟာလုဖိ(စ်)ခ်ဆိုတဲ့အစာကိုစားကြတယ်။ ဒီငါးကို lye (ပြာရည်) ထဲမှာမီးခိုးရောင်ကျောက်ကျောနဲ့တူတဲ့အထိနှစ်ထားကြတယ်။




❖နော်ဝေးရဲ့ရုံးပိတ်ရက် (အားလပ်ရက်) တွေဟာစိတ်ဝင်စားစရာကောင်းတယ်။ နွေအလယ်ခေါင်နေ့ရဲ့အကြိုနေ့မှာလူတွေဟာပင်လယ်ကမ်းခြေတွေမှာမီးပုံတွေပြုလုပ်ကြပြီးနှစ်တစ်နှစ်ရဲ့အတိုဆုံးညပွဲကိုကျင်းပကြတယ်။

Midsummer's Eve

မစ်ဒ် စန်းမား (စ်) အီ(ဗ်)
နွေအလယ်ခေါင်နေ့ရဲ့အကြိုနေ့

# နယ်သာလန်

နယ်သာလန်နိုင်ငံဟာ “ကုန်းနိမ့်” လို့အဓိပ္ပါယ်ရတယ်။ နေရာအတော်များများဟာတစ်ချိန်တုန်းကပင်လယ်အောက်မှာရောက်နေတယ်။ နယ်သာလန်မှာနေတဲ့လူမျိုးကို ဒတ်(ချ်) လူမျိုးလို့ခေါ်တယ်။








❖ဒတ်(ချ်) လူမျိုးတွေဟာပင်လယ်ရေတွေလွှမ်းမိုးမှုမခံရအောင် ဒိုက်(ခ်) ဆိုတဲ့နံရံနိမ့်နိမ့်တွေကိုဆောက်လုပ်ကြတယ်။ ကုန်းပေါ်ကိုစိမ့်ဝင်လာတဲ့ပင်လယ်ရေကိုပင်လယ်ထဲကိုတဲပြန်စီးသွားစေတယ်။




❖ဒတ်(ချ်) တွေဟာစက်ဘီးကိုဘယ်နေရာသွားသွားစီးကြတယ်။ ဒါပေမဲ့စက်ဘီးကိုသူ့နေရာနဲ့သူစီးတယ်။ အလုပ်သွားရင်စီးတဲ့စက်ဘီး၊ အားကစားပြိုင်ပွဲအတွက်စီးတဲ့စက်ဘီး၊ ဈေးသွားစီးတဲ့စက်ဘီးစသဖြင့်ပေါ့။


❖ဖီယာဂျက်ပန်ပြိုင်ပွဲမှာအားကစားသမားတွေဟာဝါးလုံးကိုသုံးပြီးတူးမြောင်းကိုခုန်ကျော်ရတယ်။ ရေထဲပြုတ်မကျအောင်သတိထားရမယ်။




❖Windmills ဆိုတဲ့လေရဟတ်နဲ့လည်တဲ့စက်တွေနဲ့ တူးလစ်နှင်းပန်းကြီးတွေကိုတောပိုင်းဒေသတွေမှာတွေ့ရမယ်။ မြေကြီးကအေးပြီးစိုစွတ်လိုသင့်ခြေထောက်တွေခြောက်နေအောင်ခုံဖိနပ် (clogs) စီးသွားဘို့မမေ့နဲ့နော်။



# ဂျာမဏီ

ဂျာမဏီနိုင်ငံဟာရဲတိုက်တွေအများကြီးရှိတဲ့လှပတဲ့နိုင်ငံဖြစ်တယ်။ ဂျာမဏီလူမျိုးတွေဟာအလွန်အချိန်တိကျတဲ့အတွက်နောက်မကျစေနဲ့နော်။


❖နွယ်ရှဝဲ(န်) စတဲ(န်) ရဲတိုက်ဟာပုံပြင်ထဲကရဲတိုက်နဲ့တူတယ်။ ဒီရဲတိုက်ကိုဘာဗာရီယာ့ရဲ့ရူးသွပ်နေတဲ့ဘုရင်လပ်ဝစ်ကလွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀ မတိုင်ခင်ကဆောက်လုပ်ခဲ့တာဖြစ်တယ်။



Neuschwanstein castle

နွယ်ရှဝဲ(န်) စတဲ(န်)

Albert Einstein



အယ်လ်ဘတ်အင်စတင်း

❖ဂျာမဏီသိပ္ပံပညာရှင်အယ်လ်ဘတ်အင်စတင်းဟာအလွန်တော်တယ်။ သူဟာအချိန်ကာလ၊ အာကာသတို့ရဲ့အံ့သြဘွယ်ရာအကြောင်းနဲ့စကြာဝဠာကြီးဘယ်လိုအလုပ်လုပ်နေနေလဲဆိုတာကိုရှာဖွေတွေ့ရှိခဲ့တယ်။


sauerkraut




စော်အာခရော့တ်

❖စော်အာခရော့တ် (sauerkraut) ကိုဂေါ်ဖီနဲ့ရှာလကာရည်နဲ့ပြုလုပ်ထားတယ်။ အဲဒါကိုဝက်အူချောင်းနဲ့တွဲစားရတယ်။ ဂျာမဏီမှာဝက်အူချောင်းအမျိုးအစားပေါင်း ၁၅၀၀ ကျော်ရှိတယ်။

Lorelei Rock



လိုရီလဲကျောက်



ဝက်အူချောင်း

sausages

❖ဟိုးအရင်တုန်းကရိုင်းမြစ်တစ်လျောက်စုန်ဆင်းသွားတဲ့လှေသင်္ဘောတွေဟာလိုရီလဲကျောက်နားမှာနစ်မြုပ်သွားလေ့ရှိတယ်။ ဒဏ္ဍာရီထဲမှာတော့အမျိုးသမီးတစ်ယောက်ဟာဒီကျောက်ဆောင်ပေါ်ကနေသင်္ဘောသားတွေဆီကိုသီချင်းဆိုလေ့ရှိတယ်။ သင်္ဘောသားတွေဟာသူမရဲ့အသံထဲမှာနစ်မျောပြီးသင်္ဘောကိုကျောက်ဆောင်နဲ့တိုက်မိအောင်ပြုလုပ်လေ့ရှိတယ်တဲ့။

Rhine River

ရိုင်းမြစ်



# သြစတြီးယား

သြစတြီးယားနိုင်ငံကို "တူရိယာမြေ"လို့ခေါ်ကြတယ်။ ဘာကြောင့်များလဲ။



❖ဗီယာနာဟာသြစတြီးယားနိုင်ငံရဲ့မြို့တော်ဖြစ်တယ်။ နှစ်ပေါင်း ၆၀၀ ကျော်တုန်းကဗီယန်နစ်အင်ပါယာကဥရောပရဲ့နေရာအကျယ်ကြီးကို အုပ်ချုပ်ခဲ့တယ်။

ဗီယန်နစ်အင်ပါယာ

Viennese emperor

Mozart



မိုဇတ်

❖ကမ္ဘာကျော်သီချင်းရေးဆရာကြီး မိုဇတ်ဟာအသက်၄နှစ်ကထဲကသီချင်းတွေကိုစတင်ရေးသားခဲ့တယ်။ သူဟာမသင်ပေးဘဲနဲ့တူရိယာတွေကိုတောင်တီးခတ်ခဲ့တယ်။

orchestra


သံစုံတီးဝိုင်း



❖ဝဲ့လ်စ်အကဟာတင့်တယ်လှပတဲ့ကပွဲခန်းမအကဖြစ်တယ်။ ဒီအကကိုကတဲ့အခါတူရိယာတီးဝိုင်းကသက် ဝင်မြူးကြွတဲ့ဝဲ့လ်စ်တေး (စည်းသုံးချက်အကတေး) ကိုတီးခတ်ကြတယ်။

apple strudel

❖သြစတြီးယားအချိုပွဲဖြစ်တဲ့ပန်းသီးမုန့် (apple strukel) ဟာကမ္ဘာကျော်တယ်။



ပန်းသီးမုန့်

ဟဲလ်ဘရူးန်နန်းတော်

Hellbrun Palace



❖နန်းတော်ဟောင်းတွေကိုလဲ ဒီမှာရှာတွေ့နိုင်သေးတယ်။ ဟဲလ်ဘရူးန်နန်းတော်ထဲက ပန်းခြံမှာထိုင်ရင်ရေပန်းတွေက ကိုယ့်ကိုလာပန်းလိမ့်မယ်။




❖နာမည်ကျော်ဗီယန်နာယောက်ျားလေးသံစုံသီချင်းအဖွဲ့ဟာဘုရားသီချင်းနဲ့ပေါ့ပ်သီချင်းတွေကိုကမ္ဘာတစ်ဝှမ်းလုံးမှာ သီဆိုအသုံးတော်ခံတယ်။

# ဆွစ်ဇာလန်


ဆွစ်ဇာလန်မှာတောင်တွေအများကြီးရှိတယ်။ နိုင်ငံရဲ့အကုန်လုံးနီးပါးဟာတောင်တွေထဲမှာရှိနေတယ်။




❖အီဒယ်လ်ဝစ်(စ်) (edelweiss) ပန်းကလေးတွေဟာအဖြူရောင်ပန်းသေးသေးလေးတွေဖြစ်ပြီးဆွစ်နိုင်ငံရဲ့အက်လ်(ပ်)(စ်)တောင်မြင့်တွေပေါ်မှာပေါက်တယ်။





❖ဟင်နရီဒူးနန့်ဟာစစ်အတွင်းကဒဏ်ရာ (အနာတဖြစ်) ရသူတွေကိုပြုစုမဲ့သူမရှိတာကိုတွေ့တဲ့အတွက်ကြက်ခြေနီအသင်းကိုထူထောင်ခဲ့တယ်။ ကြက်ခြေနီအသင်းဟာစစ်ဘေးဒုက္ခသည်နဲ့ငလျင်ဘေးဒုက္ခသည်တွေကိုကူညီစောင့်ရှောက်တယ်။




❖ဆွစ်လူမျိုးတွေဟာချိ(စ်)ဒိန်ခဲအရမ်းစားတယ်။ ဆွစ်ချိ(စ်) ဒိန်ခဲအမျိုးပေါင်း ၄၅၀ ရှိတယ်။

❖အက်လ်(ပ်)(စ်) တောင်တန်းဟာနိုင်ငံ ခုနစ်နိုင်ငံတစ်လျှောက်သွယ်တန်းနေတယ်။





❖လူတွေဟာဒီကိုနှင်းလျှောလျောစီးထွက်ရင်ရှာလဲ့ (chalet) လို့ခေါ်တဲ့တည်းခိုခန်းတွေမှာတည်းကြတယ်။ ရှာလဲ့တွေကိုတောင်ပေါ်လေအေးမဝင်နိုင်အောင်ဆောက်ထားတယ်။

❖နေဝင်ချိန်မှာအယ်လ်ပဲန်ခရာမှုတ်သံတွေကိုကြားရမယ်။ နွားကျောင်းသားတွေဟာခရာမှုတ်သံနဲ့အချင်းချင်းသတင်းပို့လေ့ရှိတယ်။ သူတို့နွားတွေကိုခေါ်တဲ့အခါလဲ "ယို့ဒယ်လေဟီးဟိုး" လို့အော်ခေါ်လေ့ရှိတယ်။

# အီတလီ


ရောမမြို့ဟာအီတလီနိုင်ငံရဲ့မြို့တော်ဖြစ်တယ်။ ရောမတွေဟာသူတို့မြို့တော်ကို “ထာဝရမြို့တော်” လို့ခေါ်ခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်ကရောမနိုင်ငံဟာကမ္ဘာပေါ်မှာတန်ခိုးအကြီးဆုံးအင်ပါယာ (နိုင်ငံတော်) ဖြစ်ခဲ့တယ်။





❖အီတလီကလှပတဲ့ဗင်းနစ်မြို့မှာလမ်းတွေမရှိဘူး၊ တူးမြောင်းတွေဘဲရှိတယ်။ ကား၊ စက်ဘီးနဲ့မီးရထားအစားဂေါ်(န်)ဒိုလာဆိုတဲ့လှေကြီးတွေနဲ့သွားလာကြတယ်။ အဲဒီ (gondolas) တွေကိုမောင်းတဲ့သူတွေကိုဂေါ်(န်)ဒိုလီယာလို့ခေါ်တယ်။

❖ပီဇာအကြောင်းကိုကြားဘူးလား။ တစ်ခါတုန်းကမုန့်ဖုတ်သမားတစ်ယောက်ကဘုရင်ကိုတစ်ခုခုလုပ်ကျွေးချင်တယ်။ အီတလီအလံကအဖြူရယ်၊ အနီရယ်၊ အစိမ်း ရယ်ပါလို့သူကအနီရောင်ခရမ်းချဉ်သီးရယ်၊ စေးကပ်တဲ့အဖြူရောင်ချိ(စ်) ရယ်၊ အစိမ်းရောင်အပင်တွေရယ်ကိုပေါင်မုန့်ပေါ်မှာတင်ပြီးဖုတ်တယ်။ အဲဒါနဲ့အခုဒို့တွေစားတဲ့ပီဇာဖြစ်လာတာပေါ့။




❖လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကရောမတွေဟာမြင်းရထားစီးပြိုင်ပွဲတွေကို ကိုလိုစီယမ်မှာကြည့်ရှုလေ့ရှိတယ်။ တစ်ခါတလေစင်ပေါ်မှာရေတွေဖြည့်ထားပြီးတော့ရောမစစ်သားတွေဟာပင်လယ်ထဲမှာတိုက်ပွဲဖြစ်နေပုံကိုသရုပ်ဆောင်ကြတယ်။





❖နောက်ထပ်ထင်ရှားတဲ့အဆောက်အအုံဟောင်းတစ်ခုကတော့ပီစာမျှော်စင်ဖြစ်တယ်။ လွန်ခဲ့တဲ့အနှစ် ၈၀၀ ကျော်ကဒီပီစာမျှော်စင်ဟာစတင်ပြီးစောင်းခဲ့တယ်။ သူ့အောက်ကမြေကြီးကသိပ်မခိုင်တဲ့အတွက်ဖြစ်တယ်။

# ဂရိ

ဂရိနိုင်ငံဟာလွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကတန်ခိုးကြီးပြီးယဉ်ကျေးမှုထွန်းကားတဲ့နိုင်ငံကြီး ဖြစ်ခဲ့တယ်။ ရှေးဂရိတွေဟာအတွေးအခေါ်ပညာရှင်တွေနဲ့သိပ္ပံပညာရှင်တွေဖြစ်ခဲ့တယ်။

❖ဆန်တိုရိနီရွာကလေးဟာမီးတောင်တစ်တောင်ပေါ်မှာရှိတယ်။ လွန်ခဲ့တဲ့နှစ် ၅၀ တုန်းကမီးတောင်ပေါက်ကွဲလို့ကျွန်းရဲ့တစ်ဝက်ဟာပင်လယ်ထဲကိုပြိုကျသွားခဲ့တယ်။



Santorini

ဆန်တိုရိနီ




Meteora monasteries

❖မက်တီအိုရာဘုန်းကြီးကျောင်းကတော့ဟိုးအရင်က ဘုန်းကြီးတွေလိုဘဲကြိုးလှေကားနဲ့တက်ရတယ်။

မက်တီအိုရာဘုန်းကြီးကျောင်း

❖မာရသွန်ဟာအိုလံပစ်အားကစားမှာလူသိများတဲ့ပြိုင်ပွဲဖြစ်တယ်။ လူတွေကဒီမာရသွန်ဟာဟိုးရှေးဂရိတွေမာရသွန်မြို့မှာစစ်ပွဲနိုင်တုန်းက လူတစ်ဦးကကီလိုမီတာ ၄၀ကိုပြေးပြီးသူ့တိုင်းပြည်ကလူတွေကိုသတင်းကောင်းသွားပို့ခဲ့ရာကနေစတင်ခဲ့တာလို့ပြောကြတယ်။



အိုလံပစ်အားကစား


Olympic Games








❖ရှေးဂရိလူမျိုးတွေဟာအေသင်နာလို့ခေါ်တဲ့ဉာဏ်ပညာနဲ့စစ်ရေးဆိုင်ရာဂရိနတ်ဘုရားမကိုကိုးကွယ်ကြတယ်။ ရှေးဂရိတွေမှာနတ်ဘုရားတွေအများကြီးရှိတယ်။ တခါတလေဂရိတွေ ဟာအော်ရာကယ် **(oracle)** ဆိုတဲ့ဂရိဘုန်းကြီးတွေထံမှာသူတို့နတ်ဘုရားကသူတို့ကို ဘာလုပ်စေချင် လဲဆိုတာ သိရအောင်သွားမေးကြတယ်။




❖အခြားထင်ရှားတဲ့ဂရိလူမျိုးကတော့အာခိမိဒိ(စ်) သိပ္ပံပညာရှင်ဖြစ်တယ်။ သူဟာရေချိုးရင်းနဲ့သိပ္ပံဆိုင်ရာမှန်ကန်ချက်တစ်ခုကိုရှာဖွေတွေ့ရှိလို့အရမ်းပျော်သွားပြီးလမ်းမပေါ်မှာ “ တွေ့ပြီး – တွေ့ပြီး ” လို့လိုက်အော်ပြောတယ်။





❖ဟစ်ပိုခရိတ်(စ်)လို့ခေါ်တဲ့ဆရာဝန်ကြီးကိုယ်တိုင်သူ့တပည့်တွေကိုကျမ်းကျိန်ခိုင်းတယ်။ သူတို့ဟာသူတို့လူနာတွေကိုကာကွယ်စောင့်ရှောက်ဘို့ရောဂါအခြေအနေကိုအမှန်အတိုင်းပြောပြပြီးလူနာရဲ့လို့ဝှက်ချက်တွေကိုထိန်းသိမ်းပေးရမယ်လို့ကျမ်းကျိန်ရတယ်။ အခုထိဆရာဝန်တွေဟာဒီဟစ်ပိုခရေတစ်ကျင့်ဝတ်ကိုကျင့်သုံးတုန်းဘဲ။

# စပိန်


လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ မတိုင်ခင်ကစပိန်နိုင်ငံဟာကမ္ဘာပေါ်မှာတန်ခိုးအကြီးဆုံးအာဏာပိုင်နိုင်ငံဖြစ်ခဲ့တယ်။

❖စပိန်နွားရိုင်းသတ်ပွဲဟာဟိုးအရင်ကစပိန်မှာအရမ်းခေတ်စားခဲ့တယ်။ နွားရိုင်းနဲ့ယှဉ်ပြိုင်သတ်တဲ့သူရဲကောင်း (မာတာဒို) ဟာတဟုန်ထိုးတိုက်ခိုက်တဲ့နွားရိုင်းကိုမကြောက်ဘူး၊ စပိန်အမျိုးသမီးတွေဟာလဲသူတို့ရဲ့အထူးနေ့တွေမှာဝတ်ဆင်လေ့ရှိတဲ့ဇာပဝါ (မန်တီလာ) ကိုဝတ်ဆင်ပြီးနွားရိုင်းသတ်ပွဲကိုလာကြည့်ကြတယ်။













❖စပိန်လူမျိုးတွေဟာနေ့လည်မှာအဆာပြေတာပါ့(စ်) (tapas) ကိုစားကြတယ်။ ပြီးရင်ပါအဲလာဆိုတဲ့အရာများစွာပါဝင်တဲ့ထမင်းကြော်၊ဆန်ပြုတ်ကိုစားကြတယ်။ သိပ်အရသာရှိတယ်။




❖နေ့လည်စာစားပြီးရင် "စီအက်စ်တာ" (siesta) ဆိုတဲ့နေ့လည်အနားယူအိပ်ချိန်ရှိတယ်။ အဲဒီအချိန်မှာလူတိုင်းအိပ်ကြတယ်။ နေနဲ့အေးမှအလုပ်ပြန်ဆင်းကြတာဟိုးညနက်တဲ့အထိဘဲ။





❖လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၀ မတိုင်ခင်ကစပိန်ကိုအုပ်ချုပ်တဲ့မောရစ်(ရှ်) ဘုရင်တွေဟာလှပတဲ့အယ်လ်ဟမ်ဘရာနန်း တော်မှာနေထိုင်ကြတယ်။




❖စပိန်မှာရှိတဲ့ပိုင်ရဲနီး(စ်)တောင်တွေအတိုင်းတက်သွားရင်ပြင်သစ်ပြည်ကိုရောက်နိုင်တယ်။

# ပြင်သစ်နိုင်ငံ

ပြင်သစ်ဟာရှည်လျားပြီးစိတ်ဝင်စားစရာကောင်းတဲ့သမိုင်းရှိခဲ့တယ်။ ပြင်သစ်မှာလည် ပတ်စရာနေရာတွေအများကြီးရှိတယ်။




Effel Tower

အီဖဲ(လ်)မျှော်စင်

❖အီဖဲ(လ်)မျှော်စင်ဟာဆောက်ပြီးစကလူတွေကရုပ်ဆိုးတယ်လို့ထင်ခဲ့ပေမဲ့အခုတော့တိုင်းပြည်ရဲ့အထင်ရှားဆုံးအဆောက်အဦဖြစ်နေပြီ။

❖ဟိုအရင်တုန်းကလူတွေဟာရေခဏခဏမချိုးဘူး။ သူတို့အနံ့ကောင်းအောင်ရေမွှေးကိုဆွတ်ကြတယ်။ ခုဆိုရင်ပြင်သစ်ရေမွှေးတွေဟာအရမ်းနံမည်ကြီးတယ်။



perfumes

ရေမွှေးများ

ပြင်သစ်ပေါင်မုန့်ရှည်

baguette



❖ပြင်သစ်ပေါင်မုန့်ရှည်ဟာအရမ်းအရသာရှိတယ်။

NapoleonBonaparte




❖နပိုလီယံဘိုနာပတ် ကေရာဇ်ဘုရင်ဖြစ်ခဲ့စဉ်က အောင်မြင်ခြင်းမုခ်ဦး (Arc de Triomphe) အာခ်ဒီထော်မ်ဖေကိုဆောက်ခဲ့တယ်။ သူစစ်အောင်နိုင်တဲ့အခါဒီမုခ်ဦးကနေပြန်ပြီစစ်ချီလာချင်လို့လေ။ ဒါပေမဲ့သူဟာဒီလိုမလုပ်ရခင်မှာဘဲစစ်ရှုံးသွားခဲ့တယ်။

နပိုလီယံဘိုနာပတ်



Arc de Triomphe

အာခ်ဒီထော်မ်ဖေ



❖လု(ဗ်) ပြတိုက်ဟာကမ္ဘာ့အကြီးဆုံးပြတိုက်ထဲကတစ်ခုအပါအဝင်ဖြစ်တယ်။ တစ်ချိန်တုန်းကသူကရဲ့တိုက်တစ်ခုဖြစ်ခဲ့တယ်။

Louvre Museum

လု(ဗ်) ပြတိုက်

# ပေါ်တူဂီ

ပေါ်တူဂီနိုင်ငံဟာတစ်ချိန်ကတန်ခိုးကြီးတဲ့မင်းကေရာဇ်နိုင်ငံဖြစ်ခဲ့တယ်။ သူဟာနိုင်ငံပေါင်းများစွာကိုအုပ်စိုးခဲ့တယ်။ လူ့လက်အောက်ခံနိုင်ငံတွေဟာအခုထက်ထိပေါ်တူဂီစကားကိုပြောတုန်းဘဲ။

❖အဇိုးရပ်(စ်) (Azores) ကျွန်းပေါ်မှာမီးတောင်ကအငွေ့နဲ့အစားအစာချက်ပြုတ်ကြတယ်။ ဒီလိုချက်ပြုတ်တာကို ကိုဇီဒို (**cozido**) လို့ခေါ်တယ်။








❖ပေါ်တူဂီနိုင်ငံတစ်ခုလုံးကအိမ်တွေနဲ့ရထားဘူတာတွေကို (အဇူလေဂျိုစ်) (**azulejos**) လို့ခေါ်တဲ့ဆေးခြယ်ထားတဲ့ကျောက်ပြားတွေနဲ့အလှဆင်ထားတယ်။

❖ဒီကြောက်စရာနေရာကတော့ အဇူလေဂျိုစ်နဲ့အလှဆင်ထားတာမဟုတ်ဘဲအရိုးတွေနဲ့ဆောက်လုပ်ထားတယ်။ ဒီအရိုးဘုရားကျောင်းဟာလူ့ခေါင်းခွံနဲ့အရိုးပေါင်းထောင်ကျော်နဲ့ဖုံးလွှမ်းနေတယ်။








❖ဖါဒို (**Fado**) တေးကတော့ဝမ်းနည်းစရာပုံပြင်တွေကိုသီဆိုတဲ့တေးဖြစ်တယ်။ သီဆိုသူတွေကအနက်ရောင်ဝတ်စုံကိုဝတ်ဆင်ပြီးအချစ်၊ ဘဝနဲ့သေခြင်းအကြောင်းအရာတွေကိုသီဆိုကြတယ်။

# မြောက် – တောင်အမေရိက




မြောက်အမေရိကတိုက်မှာကမ္ဘာ့အကြီးဆုံးတောင်ကြားရှိပြီးတောင်အမေရိကမှာတော့ ကမ္ဘာ့အရှည်လျားဆုံးတောင်တန်းနဲ့ကမ္ဘာ့အကြီးဆုံးမိုးသစ်တောကြီးရှိတယ်။ နောက်ထပ်ဘာတွေများရှိမလဲကြည့်ရအောင်။



ကနေဒါ
အမေရိကန်
ပြည်ထောင်စု
မက္ကဆီကို
ပီရူး
ဘရာဇီး(လ်)
အာဂျင်တီးနား

# အမေရိကန်ပြည်ထောင်စု

ယူအက်စ်အေ (အမေရိကန်ပြည်ထောင်စု)ဟာပြည်နယ်ပေါင်း ၅၀ ရှိတယ်။
တခါတလေလူတွေက USA လို့အတိုကောက်ခေါ်ကြတယ်။



❖လင်းယုန်ငှက်ဟာအမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံတော်ငှက်ဖြစ်တယ်။ သမ္မတတစ်ဦးကတော့နိုင်ငံတော်ငှက်ဟာကြက်ဆင်ဖြစ်သင့်တယ်လို့ယူဆတယ်။




bald eagle

လင်းယုန်ငှက်

ဒေသခံအမေရိကန်များ

Native Americans

❖ဒေသခံအမေရိကန်လူမျိုးများဟာနှစ်ထောင်ပေါင်းများစွာဒီမှာနေထိုင်ခဲ့ကြတယ်။ နွားကျောင်းသား(ကောင်းဘွိုင်)တွေလာတဲ့အခါအချို့ကတိုက်ခိုက်ကြတယ်။ အချို့ကတော့ကိုယ်တိုင်နွားကျောင်းသားတွေဖြစ်သွားကြတယ်။





Neil Armstrong

နေးလ်အမ်းစထရောင်း

❖အာကာသယာဉ်မှူးနေးလ်အမ်းစထရောင်းဟာလပေါ်မှာပထမဦးဆုံးခြေချခဲ့တဲ့သူပေါ့။

❖လေဘာတီရုပ်ထုဟာအမေရိကန်ရဲ့အနှစ် ၁၀၀ မြောက်မွေးနေ့ပွဲကျင်းပဘို့ပြင်သစ်ပြည်ကလက်ဆောင်ပေးခဲ့တာဖြစ်တယ်။



လေဘာတီရုပ်ထု

Statue of Liberty

❖ဂရင်းကင်ညွန်ချောက်ကြီးဟာမြစ်စီးရာကနေဖြစ်လာတဲ့နက်ရှိုင်းတဲ့တောင်ကြားကြီးဖြစ်တယ်။ လှေနဲ့မြစ်ထဲကိုစုန်ဆင်းနိုင်သလိုချောက်ထဲကိုလဲဆင်းကြည့်နိုင်တယ်။




ဂရင်းကင်ညွန်ချောက်ကြီး


Grand Canyon

# ကနေဒါ

ကနေဒါနိုင်ငံဟာကမ္ဘာပေါ်မှာဒုတိယအကြီးဆုံးနိုင်ငံဖြစ်တယ်။ ကနေဒီယံလူမျိုးတစ်ချို့ဟာအင်္ဂလိပ်စကားပြောပြီးအချို့ကပြင်သစ်စကားပြောကြတယ်။

❖ကနေဒါအလံပေါ်ကမေပယ်လ်ရွက်ကိုတွေ့လား။ ကနေဒါနိုင်ငံဟာမေပယ်လ်ပင်နဲ့ပတ်သက်ပြီးထင်ရှားတယ်။ မေပယ်လ်ပင်အစေးကိုကျိုပြီးမေပယ်လ်အချိုရည်ပြုလုပ်ကြတယ်။ အဲဒီအရည်ကိုမုန့်ပျားသလက်နဲ့တွဲစားလို့အရမ်းကောင်းတယ်။





❖ဟိုးအရင်တုန်းကအင်နု (Inuit) လူမျိုးတွေဟာအီဂလူး (igloos) တွေမှာနေကြတယ်။ ဒါပေမဲ့အခုတော့အီဂလူးတွေဟာနားခိုရာနေရာဒါမှမဟုတ်အပျော်တမ်းဆောက်ထားတဲ့အဆောက်အဦဖြစ်နေပြီ။




❖ကနေဒီယံအမျိုးသားမျှော်စင်ဟာဘယ်လောက်မြင့်သလဲဆိုရင် အဲဒီအထဲကနေအပြင်ကိုကြည့်ရင် တိမ်တွေမျော နေတာကိုတွေ့နိုင်တယ်။




❖ကနေဒီယံလူမျိုးတွေဟာဟော်ကီကစားခြင်းကိုအလွန်နှစ်သက်ကြတယ်။ အားလပ်ရက်တွေမှာနေရာတိုင်းမှာကလေးတွေဟော်ကီကစားတာကိုတွေ့ရမယ်။





❖နိုင်ဂါရာရေတံခွန်ကြီးဟာအလွန်ကြီးမားတယ်။ တစ်ဝက်က ကနေဒါထဲမှာဖြစ်ပြီးတစ်ဝက်ကအမေရိကန်မှာရှိတယ်။

# မက္ကဆီကို

လွန်လေပြီးတဲ့အခါတုန်းကရှေးအက်တက်စ် (Aztecs) လူမျိုးတွေဟာလင်းယုန်ငှက်တစ်ကောင်ကိုပါးစပ်ထဲမှာမြွေတစ်ကောင်နဲ့တွေ့ရတယ်။ ဒီလင်းယုန်ငှက်ဟာကန်တစ်ကန်ရဲ့အထဲမှာရှိတဲ့ဇောင်းကြမ်းပင်ပေါ်မှာနားနေတယ်။ ဒီနေရာမှာမြို့တည်ဘို့သူတို့ဆုံးဖြတ်လိုက်တယ်။ ဒီနေရာဟာအခုမက္ကဆီကို စီးတီးမြို့ပေါ့။

❖မက္ကဆီကန်လူမျိုးတွေဟာလူသေနေ့ကိုကျင်းပကြတယ်။ ဒီလူသေနေ့မှာသူတို့ချစ်တဲ့သူတွေရဲ့ဝိညာဉ်တွေဟာသူတို့ဆီပြန်လာလည်တယ်လို့ယုံကြည်ကြတယ်။ သူတို့ဟာဂူတွေကို ပန်းတွေ၊ ဖယောင်းတိုင်တွေမုန့်တွေနဲ့ပြင်ဆင်ကြတယ်။






❖အာဘိုဒယ်တူလေပင်ဟာအနှစ် ၂၀၀၀ ရှိပြီ။ သူဟာလူ ၂၀ ယောက်ဖက်စာရှိပြီးအခုထိဆက်ကြီးနေတုန်းဘဲ။




❖ခရစ္စမတ်မှာတော့ကလေးတွေဟာပီနာတာဆိုတဲ့အရုပ်ကိုကြိုးစားပြီးရိုက်ကြတယ်။ တကယ်လို့အဲဒီပီနာတာအရုပ်ပေါက်ထွက်သွားရင်အရုပ်တွေနဲ့သကြားလုံးတွေပြုတ်ကျလာပြီးအားလုံးဝေယူကြတယ်။




❖အက်တက် (စ်) လူမျိုးတွေဟာချော့ကလက်နဲ့ပြောင်းကိုရှာဖွေတွေ့ရှိခဲ့ကြတယ်။ သူတို့ဟာချော့ကလက်ကို“ဘုရားပေးတဲ့မုန့်” လို့ခေါ်ပြီးဘုရားကလူတွေကိုပြောင်းဖူးနဲ့ဖန်ဆင်းတယ်လို့ယုံကြည်ကြတယ်။





❖မက္ကဆီကန်လူမျိုးတွေဟာပေါင်မုန့်နဲ့ထမင်းအစားပြောင်းဆန်နဲ့ပြုလုပ်တဲ့တော်တီလာ (tortilles) မုန့်ပျားသလက်ကိုစားကြတယ်။

# ပီရူး

ပီရူးနိုင်ငံမှာအာလူးအမျိုးပေါင်းများစွာရှိတယ်။ အချို့ဟာပြာပြီးအချို့ကခရမ်းရောင်ရှိတယ်။


❖အင်ကာလူမျိုးတွေဟာဒီမှာနှစ်ရာပေါင်းများစွာမတိုင်ခင်ကတည်းက နေခဲ့ကြတယ်။ အင်တီရေမီပွဲတွေမှာခေတ်မှီပီရူးလူမျိုးတွေဟာအင်ကာ လူမျိုးလိုသရုပ်ဆောင်ကြတယ်။ သူတို့ဟာဟိုးအရင်ကအင်ကာတွေယဇ် ပူဇော်သလိုသရုပ်ဆောင်ကြတယ်။




❖သဲကန္တာရသဲပြင်တွေပေါ်ကအံ့ဖွယ်ကောင်းတဲ့နာဇကာ ပန်းချီတွေဟာအကြီးကြီးဘဲ၊ ဒါပေမဲ့ဒါတွေကိုဘာအတွက် ရေးဆွဲခဲ့သလဲဆိုတာဘယ်သူမှမသိကြဘူး။


❖ပီရူးလူမျိုးတွေဟာစီဗီ(ချ်) (ceviche) လို့ခေါ်တဲ့ငါးအစိမ်းသံပုရာရည်အာလူးနဲ့လုပ် ထားတဲ့ဟင်းကိုမကြာခဏစားကြတယ်။ သူတို့ဟာကုလားအုပ်ငယ်သားဟင်း နဲ့ (ခိုင်း) လို့ခေါ်တဲ့ပူးနဲ့တူတဲ့အသားဟင်း ကိုစားကြတယ်။ ဒီဟင်းဟာပီရူးတွေ အကြိုက်ဆုံးဟင်းဖြစ်တယ်။







❖အင်ဒီး(စ်) တောင်စဉ်တန်းကြီးဟာကမ္ဘာ့အရှည်ဆုံးတောင်စဉ် တန်းကြီးဖြစ်တယ်။ သူဟာနိုင်ငံပေါင်းခုနှစ်နိုင်ငံကိုဖြတ်သွားတယ်။






❖အမွေးထူပြီးအပင်တွေကိုစားတဲ့လာမာကုလားအုပ်ငယ် တွေဟာဒီအင်ဒီး(စ်) တောင်တန်းမှာနေထိုင်တယ်။ သူတို့ ဟာစိတ်ဆိုးရင်အချင်းချင်းတံတွေးထွေးတတ်ကြတယ်။

# ဘရာဇီး(လ်)

ဘရာဇီး(လ်) နိုင်ငံမှာလူတွေကပေါ်တူဂီဘာသာစကားကိုပေါ်တူဂီနိုင်ငံမှာထက်တောင်ပြောကြတယ်။ ဘရာဇီး(လ်) လူမျိုးတွေဟာပြင်သစ်၊ စပိန်နဲ့အင်္ဂလိပ်စကားကိုလဲပြောကြတယ်။

❖ခရိုက်စ်သရီဒီးမားခရစ်တော်ကယ်တင်ရှင်ရုပ်ထုဟာ ဘရာဇီးလ်နိုင်ငံကိုမိုးပြီးငြိမ်သက်စွာကြည့်နေတယ်။ ဒီရုပ်ထုဟာ ကမ္ဘာကျော်ရုပ်ထုဖြစ်တယ်။




❖ကာနီဗာလ်ဆိုတဲ့ဘရင်ဂျီဘာသာဝင်တို့ရဲ့ဝါဝင်ပွဲတော်ကိုဘရာဇီးလ်တွေက ၄ ရက်နဲ့ ၄ ညကျင်းပတယ်။ သူတို့ကနေတဲ့စမ်ဘာအကကိုကြည့်စမ်း။ စမ်ဘာအကဟာမြူးကြွပြီး ကြည့်လို့ကောင်းတယ်။

❖ပထမဆုံးကော်ဖီပင်ဟာအမေဇုံတောထဲကလာတာဆိုတာသိရဲ့လား။ ဒီလူဟာကော်ဖီစေ့တွေကိုကော်ဖီဖြစ်အောင်လှော်ဘို့ခူးနေတယ်။









❖အမေဇုံသစ်တောဟာကမ္ဘာပေါ်မှာအကြီးဆုံးမိုးသစ်တောဖြစ်တယ်။ ထောင်ပေါင်းများစွာသောတိရစ္ဆာန်များနဲ့ပိုးမွှားတွေဟာဒီမှာနေထိုင်ကြတယ်။ သိပ္ပံပညာရှင်တွေက ခုထိရှာလို့မတွေ့သေးတဲ့ တိရစ္ဆာန်နဲ့ပိုးမွှားတွေလဲရှိအုန်းမယ်လို့ထင်နေကြတယ်။

❖ဘရာဇီးလ်နိုင်ငံမှာကမ္ဘာ့အကြီးဆုံးထဲကတစ်ခုဖြစ်တဲ့အီကွာဇူးရေတံခွန်ရှိတယ်။ သူစီးဆင်းရာလမ်းတစ်လျှောက်မှာရေတံခွန်အသေးလေးတွေ ၂၇၅ ခုအဖြစ်ကွဲထွက်သွားတယ်။



# အာဂျင်တီးနား

အာဂျင်တီးနားဟာ “ငွေ” လို့အဓိပ္ပါယ်ရတယ်။ ဒီနိုင်ငံကိုပထမဆုံးရှာဖွေတွေ့ရှိခဲ့သူကဒီမှာ ငွေရှာလို့ရမလားဆိုတဲ့မျှော်လင့်ချက်နဲ့လာခဲ့ပေမဲ့ငွေတော့ရှာလို့မတွေ့ဖူး။ဒါပေမဲ့အာဂျင်တီး နားဟာအလွန်လှပတာကို တွေ့ရှိပြီးအများအပြားဟာသူတို့ဘဝတစ်လျှောက်လုံးဒီမှာဘဲ အခြေချနေထိုင်သွားကြတယ်။








❖ဗစ်စကာချာအကောင်ဟာရှဉ့်အမြီးရှိတဲ့ယုန်နဲ့တူတယ်။ တစ်ခါတလေသူဟာအာဂျင်တီးနားမြက်တောထဲကမြေတွင်း ထဲမှာမြွေ၊ အိမ်မြှောင်နဲ့အတူနေထိုင်ကြတယ်။


❖ဘင်နီတိုကွင်းခလာမာတင်ဟာအာဂျင်တီးနားနိုင်ငံရဲ့ပန်းချီကျော်ကြီးပေါ့။ တစ်ခါကလာဘိုကာမှာရှိတဲ့လူအချို့ရဲ့အိမ်တွေကိုဆေးရောင်တောက်တောက် သုတ်ခိုင်းတယ်။ သူတို့ကလည်းသုတ်တယ်။ မကြာခင်ကျန်တဲ့လူတိုင်းကလိုက် သုတ်ကြတယ်။ ဒါကြောင့်လာဘိုကာအရပ်ဟာ အာဂျင်တီးနား မှာဆေးရောင် အစုံဆုံးနေရာဖြစ်တယ်။




❖ဒီလာဘိုကာမှာတန်ဂိုစုံတွဲအကကိုကြည့်ရှုလို့ရ တယ်။ ကချေသည်တွေဟာဒီအကကိုကတဲ့အခါမြန် မြန်လမ်းလျှောက်ရာကနေရုတ်တရက်ရပ်လိုက်တယ်။ မလွယ်ဘူးနော်။

❖ဂေါချိုတွေဟာယာဘာမိတ်အရည်ကိုသောက်ပြီးရင်မ စားမအိပ်ဘဲခရီးအကြာကြီးသွားနိုင်တာကိုတွေ့ခဲ့တယ်။ ဒီယာဘာမိတ်အရည်ဟာအခုထိရေပန်းစားတုန်းပဲ။




❖ဂေါချိုဆိုတဲ့နွားကျောင်းသားတွေဟာဘိုလီဒို (boleadores) နဲ့အမဲလိုက်လေ့ရှိတယ်။ ဘိုလီဒို ကိုပစ်လိုက်ရင်တိရစ္ဆာန်ရဲ့ခြေထောက်ကိုသွား ပတ်မိပြီးလဲကျစေတယ်။

# အာဖရိကတိုက်

အာဖရိကတိုက်ဟာအကြီးဆုံးတိုက်မဟုတ်ပေမဲ့နိုင်ငံအများဆုံး ရှိတဲ့တိုက်ဖြစ်တယ်။ နိုင်ငံပေါင်း ၅၃ နိုင်ငံရှိတယ်။ ကမ္ဘာအကြီး ဆုံးသဲကန္တာရဖြစ်တဲ့ဆာဟာရလည်းအာဖရိကတိုက်မှာဘဲရှိတယ်။ ဒီဆာဟာရသဲကန္တာရဟာအမေရိကန်ပြည်ထောင်စုလောက်ကျယ်တယ်။







အာဖရိကတိုက်တစ်ခုလုံးလိုလိုဟာကန္တာရကြီး၊ မြက်ခင်းတွေနဲ့ဖုံးလွှမ်းနေတယ်။ မှတ်တမ်းတင်ထားတဲ့အမြင့်ဆုံးအပူချိန်ဟာ ၁၉၉၂ ခုနှစ်တုန်းကဖြစ်ပြီးဒီအာဖရိကတိုက်မှာဘဲဖြစ်ခဲ့တယ်။ အရိပ်ထဲမှာအပူချိန်က ၅၈° C ရှိတယ်။


အီဂျစ်ပြည်
ကင်ညာ
တောင်အာဖရိက

# အီဂျစ်ပြည်


အီဂျစ်ပြည်မှာသဲကန္တာရကြီးနှစ်ခုရှိတယ်။ တစ်ခုကအနောက်ဆဟာရနဲ့နောက် တစ်ခုကအာရေဗျသဲကန္တာရဖြစ်တယ်။




❖အချို့လယ်သမားတွေဟာသူတို့ကောက်ပဲသီး နှံတွေရေလောင်းဘို့မြည်းတွေကိုအသုံးပြုတယ်။ မြည်းတွေဟာရေဘီးတွေကိုလှည့်ပတ်ပြီးလျှောက် သွားတဲ့အခါပန့်ကိုလည်စေပြီးနိုင်းလ်မြစ်ထဲကရေ တွေကိုစိုက်ခင်းဆီသယ်ဆောင်ပေးတယ်။




❖နှစ်ပေါင်း ၄၀၀၀ မတိုင်ခင်ကဖါရိုဘုရင်တွေဟာ အီဂျစ်ပြည်ကိုအုပ်စိုးခဲ့တယ်။ ရှေးအီဂျစ်လူမျိုး တွေဟာဖါရိုဘုရင်ကိုဘုရားတွေလို့ထင်ခဲ့ ကြတယ်။





❖ဖါရိုဘုရင်တွေသေတဲ့အခါသူ့အလောင်းကိုဆေးနဲ့စိမ်ပြီး ကျပ်စည်းထားလိုက်တယ်။ အဲဒါကိုမံမီလို့ခေါ်တယ်။ ပြီးရင် သူ့ရဲ့ရတနာအ မြောက်အမြားနဲ့အတူပိရမစ်ထဲမှာမြှုပ်နှံ လိုက်တယ်။ ပိရမစ်တွေကိုဟင့်(စ်) (sphinx) လို့ခေါ်တဲ့ လူတစ်ပိုင်းခြင်္သေ့တစ်ပိုင်းရုပ်ထုတွေ ကကာကွယ်စောင့် ရှောက်တယ်။





❖ရှေးအီဂျစ်တွေဟာဟီရိုဂလိုက်ပ်(စ်) (hieroglyphs) လို့ခေါ်တဲ့ရုပ်ပုံစာနဲ့စာတွေကိုရေး မှတ်ပြီးပုံပြင်တွေကိုပြောပြတယ်။

❖ရိုစက်တာကျောက်စာကိုရှေးဂရိနဲ့အီဂျစ်စကားလုံးနဲ့ရေးထားတယ်။ ပညာရှင်တစ်ယောက်ဟာဒီကျောက်စာပေါ်မှာရေးထားတာကိုသဘော ပေါက်အောင်အနှစ် ၂၀ လေ့လာခဲ့ရတယ်။




Rosetta stone

ရိုစက်တာကျောက်စာ





❖သံလွင်နဲ့စွန်ပလွန်ဟာအီဂျစ်တွေရဲ့ရေပန်းစားတဲ့အဆာပြေစာဖြစ်တယ်။ အီဂျစ်တွေဟာဆိတ်နို့နဲ့ပြုလုပ်တဲ့ဖက်တာချိ(စ်)၊ ဆိတ်နို့ဒိန်ခဲကိုလဲစားကြတယ်။




Suez Canal

ဆူးအက်တူးမြောင်း

❖အရင်တုန်းကဥရောပကသင်္ဘောတွေအာရှကိုသွားမယ်ဆိုရင်အာဖရိကကိုပတ်သွားရတယ်။ အခုတော့ဆာဟာရသဲကန္တာရကိုဖြတ်ပြီး ဖေါက်ထားတဲ့ဆူးအက်တူးမြောင်းကိုဖြတ်လမ်းအဖြစ်အသုံးပြုလို့ရပြီ။




❖ကုလားအုပ်တွေကိုတစ်ခါတလေကန္တာရသင်္ဘောလို့ခေါ်ကြတယ်။ သူတို့ဟာကန္တာရမှာခရီးသွားဖို့အလွန်ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့သူတို့ဟာရက်သတ္တပတ်ပေါင်းများစွာရေမသောက်ဘဲခရီးသွားနိုင်တယ်။





❖သဲပင်လယ်ကိုဖြတ်သွားတဲ့အခါသတိထားနော်၊ ကြီးမားတဲ့သဲခုံကြီးတွေဟာလေတိုက်တဲ့အခါရွေ့နိုင်တယ်။ ဟိုးအရင်ကစစ်သားအယောက် ၅၀၀၀၀ ဟာဒီသဲပင်လယ်ကိုဖြတ်ဘို့ကြိုးစားခဲ့တယ်။ ဒါပေမဲ့သူတို့အားလုံးပျောက်ဆုံးသွားတယ်။




❖နိုင်းလ်မြစ်ဟာကမ္ဘာပေါ်မှာအရှည်ဆုံးဘဲ။ နိုင်းလ်မြစ်ထဲမှာဖဲလူကာလှေနဲ့ရွက်လွှင့်ရအောင်။ မိချောင်းတွေကိုသတိထားနော်။


# ကင်ညာ


ကင်ညာလူမျိုးတွေဟာမျိုးနွယ်စုအလိုက်စုပြီးနေထိုင်ကြတယ်။ သူတို့အချင်းချင်းတွေ့ဆုံကြတဲ့အခါ ဘယ်မျိုးနွယ်လဲဆိုတာကိုမေးမြန်းကြတယ်။




❖ညာမာချိုမာ (NyamChoma) ရဲ့အဓိပ္ပါယ်ကစွာဟီလီ (Swahili) လိုအသားမီးဖုတ်လို့အဓိပ္ပါယ်ရတယ်။ ကင်ညာလူမျိုးတွေဟာအတူတူ ကွချက်ပြုတ်ပြီးစားရတာကိုနှစ်သက်ကြ တယ်။


❖ဖလဲမင်းဂိုး (Flamingo) ဆိုတဲ့တစ်ကိုယ်လုံးပန်းရောင်သန်းနေတဲ့ကြိုးကြာတောင်ပံနီတွေကိုကြည့်စမ်း။ ဒါကြောင့် နာခူရူကန် (Nakuru) ကိုပန်းရောင်ကန်လို့ခေါ်တာကိုး။ ကြိုးကြာငှက်တွေဟာအိပ်တဲ့အခါခြေထောက်တစ်ချောင်းရပ်ပြီးအိပ်ကြတာကိုသိရဲ့လား။





❖အာဖရိကမှာတောလည်ထွက်ရင်ကားပေါ်ကမဆင်းနဲ့နော်။ ခြင်္သေ့စာဖြစ်သွားမယ်။

❖Gnu ဂနူးလို့ခေါ်တဲ့မြင်းကိုယ်ရှိသမင်ဒရယ်မျိုးတိရစ္ဆာန်ပေါင်းတစ်သန်းကျော်ဟာနှစ်တိုင်းကင်ညာကိုအစာရှာထွက်ကြတယ်။ နှစ်လနောက်ပိုင်းမှာတော့သူတို့ဟာတန်ဇန်းနီးယားကိုပြန်သွားကြတယ်။



# တောင်အာဖရိက

တောင်အာဖရိကနိုင်ငံဟာမြို့တော် (၃) မြို့ရှိတယ်။၎င်းတို့ဟာဖရီတိုရီယာ၊ခေ့(ပ်) ထောင်း နဲ့ဘလိုအမ်ဖွန်တိန်တို့ဖြစ်ကြတယ်။ တောင်အာဖရိကမှာလည်းတရားဝင်စကားပေါင်း ၁၁ မျိုးရှိ တယ်။




❖ကြည့်စမ်းစားပွဲတောင် (Table Mountain) ကြီးကို၊ စားပွဲနဲ့မတူဘူးလား။ ဒီတောင်မှာစားပွဲတောင်သူရဲဖားတွေရှိတယ်။ ဒီဖားတွေရဲ့ဗိုက်ပေါ်ကအရေပြားကပါးလွန်းလို့အထဲကိုအကုန်မြင်ရတယ်။








❖နယ်လ်ဆင်မယ်န်ဒဲလားဟာသူ့တိုင်းပြည်လွတ်လပ်ရေးအတွက်အလွန်ကြိုးပမ်းခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ သူဟာလူမျိုးတိုင်းအတူတကွငြိမ်းချမ်းစွာနေထိုင်သင့်တယ်လို့ယုံကြည်တယ်။

❖ကမ္ဘာ့အကြီးဆုံးစိန်တုံးကို ၁၉၀၅ ခုနှစ်တုန်းကဒီတောင်အာဖရိကမှာတွေ့ရှိခဲ့တယ်။ သူ့အလေးချိန်ဟာကီလိုဝက်ကျော်တယ်။ ကမ္ဘာ့ရွှေတစ်ဝက်နီးပါးဟာလဲဒီတောင်အာဖရိကမှာဘဲထွက်တယ်။




❖တောင်အာဖရိကလူမျိုးအများဟာအသားအမြောင်းခြောက်တွေကိုသွားရည်စာအဖြစ်စားကြတယ်။ ဒီဝါးစားရတဲ့အသားချောင်းတွေကအမဲသား (သို့မဟုတ်) ငှက်ကုလားအုပ်သားဖြစ်တယ်။







❖ဇူးလူးတွေဟာအကြောက်အရွံ့မရှိတဲ့စစ်သားလယ်သမားတွေဖြစ်တယ်။ သူတို့ဟာမျိုးနွယ်စုအလိုက်နေထိုင်ကြပြီးသူတို့ရဲ့ရိုးရာဓလေ့ကိုအလွန်ဂုဏ်ယူကြတယ်။

# အိုးရှင်းနီးယား



အိုးရှင်းနီးယားဟာသြစတြေးလျ၊ နယူးဇီလန်နဲ့ထောင်ပေါင်းများစွာသောကျွန်းတွေကိုစုပေါင်းပြီးခေါ်တာဖြစ်တယ်။ အချို့သောကျွန်းသေးလေးတွေဟာနိုင်ငံတစ်ခုဖြစ်တယ်။ ဒီမှာနေထိုင်တဲ့များပြားလှသောစိတ်ဝင်စားစရာကောင်းတဲ့တိရစ္ဆာန်တွေကိုကမ္ဘာ့အခြားနေရာတွေမှာမတွေ့ရှိနိုင်ဘူး။ အိုရှင်းနီးယားမှာရှိတဲ့နိုင်ငံအချို့ကိုလေ့လာကြရအောင်။

# ဩစတြေးလျ

ဩစတြေးလျနိုင်ငံမှာတိရစ္ဆာန်မျိုးပေါင်းမြောက်များစွာရှိတယ်။ တစ်ချို့တိရစ္ဆာန်တွေဟာဩစတြေးလျမှာဘဲရှိတယ်။






❖ကွါလာဝက်ဝံတွေဟာဒီမှာနေထိုင်ပြီးယူကလစ်အရွက်ကိုဘဲစားကြတယ်။ ဒါကြောင့်သူ့ရဲ့အနံ့ဟာယူကလစ်အနံ့နဲ့အတူတူဘဲ။




❖သားပိုက်ကောင်ဟာလဲဩစတြေးလျမှာဘဲရှိတယ်။ သူတို့မှာသန်မာတဲ့ခြေတွေရှိပြီးသင်ပြေးတာထက်မြန်အောင်ခုန်နိုင်တယ်။

❖ဩစတြေးလျလူမျိုးတွေဟာနေ့လည်စာအဖြစ်အသားမုန့်တွေကိုမကြာခဏစားလေ့ရှိတယ်။ လာမင်တမ်လို့ခေါ်တဲ့အုန်းသီးဖြူးထားတဲ့ချော့ကလက်သကြားလုံးတွေကိုလဲကြိုက်နှစ်သက်ကြတယ်။





❖အာဘိုရီဂျင်းတွေဟာဘူမာရမ်လို့ခေါ်တဲ့ဩစတြေးလျသစ်သားတုတ်ကောက်ကိုပထမဦးဆုံးတီထွင်တယ်။ သင်ဟာဘူမာရမ်ကိုမှန်အောင်ပစ်တတ်ရင်သင့်ဆီကိုဘဲပြန်လာလိမ့်မယ်။




❖အူလူရူ (Uluru) ကျောက်ဟာကမ္ဘာပေါ်မှာအကြီးဆုံးကျောက်ဖြစ်တယ်။ သူဟာအထပ်တစ်ရာရှိတဲ့အဆောက်အဦနီးပါးမြင့်တယ်။





ဩစတြေးလျလူမျိုးအာဘိုရီဂျင်းတွေဟာဩစထြေးလျကိုလွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀၀၀ မတိုင်ခင်ကထဲကလာနေတယ်။

# နယူးဇီလန်

နယူးဇီလန်လူမျိုးအချို့ဟာသူတို့ကိုယ်သူတို့ကီဝီလို့ခေါ်ကြတယ်။ ကီဝီဆိုတာဘာလဲသိလား။





❖ကီဝီဟာအမွေးများပြီးမပျံနိုင်တဲ့ငှက်လေးဖြစ်တယ်။ သူ့ကိုနယူးဇီလန်မှာဘဲတွေ့နိုင်တယ်။





❖မာအိုရီလူမျိုးကိုသွားတွေ့ရအောင်။ သူတို့ရဲ့မျက်နှာပေါ်မှာဆေးမှင်ကြောင်တွေထိုးထားတယ်။အချင်းချင်းတွေ့တဲ့အခါနှာခေါင်းချင်းဖိပြီးနှုတ်ဆက်ကြတယ်။ ဒီလိုနှုတ်ဆက်တာကိုဟွန်ဂီလို့ခေါ်တယ်။





❖ဝိတ်တိုမိုကျောက်ဂူရဲ့မျက်နှာကျက်ဟာကြယ်တွေအများကြီးရှိတဲ့ညကောင်းကင်နဲ့တူတယ်။ တစ်ကယ်တော့ကြယ်တွေဟာအရောင်တောက်နေတဲ့ပိုးစုန်းကြူးတွေဖြစ်တယ်။ ဂူထဲကကျောက်ပန်းဆွဲတွေနဲ့ကျောက်တိုင်တွေကိုကြည့်စမ်း။ သူတို့ဟာဟိုးဂူအမိုးကနေတွဲလဲကျလာပြီးကြမ်းပြင်မှာလာကပ်နေတယ်။




❖ဝေအိုတာပူကိုသွားရင်ရောင်စုံအနီရောင်နဲ့အဝါရောင်ကန်တွေကိုတွေ့ရမယ်။ အဲဒီကန်တွေအနားမှာရေပူစမ်းတစ်ခုဟာရေပူတွေကိုလေထဲပန်းထုတ်နေတာရေပန်းတစ်ခုနဲ့တူတယ်။




❖ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်တဲ့ဧဝရတ်တောင်ကိုပထမဆုံးတက်ရောက်ခဲ့သူဟာနယူးဇီလန်နိုင်ငံသား ဆာအက်ဒမန်ဟေလရီဖြစ်တယ်။

တောတော "သောသောရေ ... ဒို့တစ်တွေလျှောက်လည်ရတာပျော်စရာကောင်းလိုက်တာနော်"
သောသော " အင်း ... တစ်ကယ်ဘဲနော် ... ဒါပေမဲ့ မိုးမိုး(မေမေ)နဲ့ပါးပါး(ဖေဖေ)ကိုလွမ်းလာပြီ"
တောတော " အေး ... ဒါပေမဲ့အောက်ကိုမဆင်းရဲတော့ဘူး ... ဘယ်လိုလုပ်ရမလဲ"
သောသောမှာအသားကုန်အော်ငိုတော့သည်။

"ကယ်ကြပါ ... ကယ်ကြပါ"

☆☆☆☆☆☆☆☆☆☆☆☆☆☆

တောတောမှာသူ့ညီမလေးသောသောယောင်ပြီးငိုသံကိုကြားသောအခါသွား၍လှုပ်နှိုးလိုက်လေသည်။သောသောနိုးလာသောအခါချွေးများဖြင့်ရွှဲနစ်နေပြီးသူ့ကိုယ်သူသစ်ပင်အောက်၌အိပ်ပျော်နေသည်ကိုတွေ့လိုက်ရသည်။ မိုးလည်းချုပ်ခါနီးပြီ။

တောတောကသူ့ကိုဤသို့မေးလိုက်သည်။ "ဘာဖြစ်လို့အကျယ်ကြီးအော်ဟစ်နေတာလဲ"
သောသောမှာရှက်ပြုံးကလေးနှင့် ...
"လတ်ဆတ်သတ်တော့ညီမလေးအိမ်မက်မက်နေတာကိုး" ဟုပြန်ဖြေလိုက်သည်။
ထိုစဉ်မိုးမိုးကသူတို့အားမုန့်စားရန်လှမ်းခေါ်သောကြောင့်သူတို့နှစ်ဦးအိမ်ထဲသို့ပျော်ရွှင်စွာပြေးဝင်သွားကြလေသည်။

☆☆☆☆☆☆☆☆☆☆☆☆☆☆

မိဘဆရာသမားများသို့အကြံပေးချက်

ဤစာအုပ်ကိုကလေးများဖတ်ရှုပြီးသောအခါယင်းတို့နေထိုင်သောကမ္ဘာကြီးအကြောင်းကိုမည်မျှပို၍သိရှိလာသည်ကိုစမ်းသပ်ကြည့်နိုင်ပါသည်။

မေးခွန်းတိုတစ်ချို့

အာရှ

- ကွန်ဖူးကစားသောဘုန်းကြီးများကိုမည်သို့ခေါ်ဝေါ်သနည်း။
- ကိုရီးယားမလေး၏ဝတ်စုံကိုမည်သို့ခေါ်သနည်း။
- စူမိုဆိုသည်မှာမည်ကဲ့သို့သောသူနည်း။
- ကမ္ဘာပေါ်ရှိအကြီးဆုံးနှင့်အနံ့ဆုံးပန်းကိုဘယ်မှာတွေ့နိုင်သနည်း။

ဥရောပ

- ဘန်းဒေးဟုခေါ်သောမုန့်နေ့ကိုမည်သည့်တိုင်းပြည်တွင်ပြုလုပ်သနည်း။
- နယ်သာလန်တောပိုင်းဒေသကိုသွားသည့်အခါမည်သည့်ဖိနပ်ကိုစီးသွားရမည်နည်း။
- အယ်လ်ဘတ်အင်စတင်းသည်မည်သူနည်း။
- ကြက်ခြေနီအသင်းကိုထူထောင်ခဲ့သူမှာမည်သူနည်း။

အမေရိကန်ပြည်ထောင်စု

- ဂရင်းကင်ညွန် (Grand Canyon) ဘယ်မှာရှိသနည်း။
- စမ်ဘာအကကိုမည်သည့်နေရာတွင်ကသနည်း။
- တန်ဂိုအကကိုမည်သည့်တိုင်းပြည်တွင်ကပြသနည်း။

အာဖရိက

- အီဂျစ်ဘုရင်များသေဆုံးသည့်အခါ၄င်းတို့ကိုမည်သို့ပြုလုပ်သနည်း။
- စားပွဲတောင်ဘယ်မှာရှိသနည်း။
- ညာမာချိုမာဆိုသည်မှာအဘယ်နည်း။

အိုရှင်းနီးယား

- အချင်းချင်းတွေ့သည့်အခါနှာခေါင်းချင်းဖိပြီးနှုတ်ဆက်သည့်လူမျိုးမှာမည်သည့်လူမျိုးနည်း။

(ခ) အောက်ပါရုပ်ပုံများကိုမည်သည့်နိုင်ငံတွင်တွေ့နိုင်ပါသနည်း။

